ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 5 April 2022 ၁၀၆၉၉

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို မျက်ခြည်မပြတ် ဆက်လက်လေ့လာ ပေးအပ်သည့်တာဝန်ကို အမိန့်နာခံမှုဖြင့် ကျေပွန်စွာထမ်းဆောင်ရန်နှင့် နိုင်ငံ့အရေး၊ ကမ္ဘာ့အရေးတို့ကို လေ့လာသိရှိနေရန်လို

နေပြည်တော် ဧပြီ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အဖွဲ့ဝင်များနှင့်အတူ တပ်မတော်(ကြည်း) အရာခံနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းခန်းမ၌ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ယနေ့** *ဖတ် စ ရာ*

### ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင်

ဆောင်းပါး စာမျက်နှာ » ၆

### ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတို့အား အတည်ပြုထုတ်ပြန်

စာမျက်နှာ » ၈

### ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ (ဘွဲ့ကြို)သင်တန်းများဖွင့်လှစ်မည့် ကြေညာချက်

စာမျက်နှာ » ၁၀

## ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် ဥရောပသမဂ္ဂက တင်သွင်းခဲ့သည့် မြန်မာနိုင်ငံကိစ္စ ဆုံးဖြတ်ချက်အဆိုချမှတ်ခဲ့ခြင်းကို မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမပြုဘဲ ပြင်းထန်စွာ ကန့်ကွက်ပယ်ချ

၁-၄-၂၀၂၂ ရက်တွင် ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၄၉)ကြိမ်မြောက် အစည်းအဝေးတွင် ဥရောပသမဂ္ဂက တင်သွင်းခဲ့သည့် မြန်မာနိုင်ငံကိစ္စ ဆုံးဖြတ်ချက်အဆို ချမှတ်ခဲ့ခြင်းသည် လူ့အခွင့်အရေးကောင်စီ၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိခြင်း၊ ဆုံးဖြတ်ချက်အဆိုတွင်ပါရှိသည့် အချက်များသည်လည်း ခိုင်လုံမှုမရှိခြင်းတို့ကြောင့် လက်ခံနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံကိစ္စအပါအဝင် လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်သည့် အပြန်အလှန်ဆွေးနွေးပွဲများ အဆမတန်များပြားလာနေပြီး ယင်းအခြေအနေများကြောင့် ကောင်စီ၏ ထိရောက်မှုအပေါ် အပြင်းအထန် ဝေဖန်ဆွေးနွေးနေစဉ် (၄၉)ကြိမ်မြောက် ကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန် ရည်ရွယ်သည့် ဆွေးနွေးမှုကို နာရီပေါင်းများစွာ အချိန်ဖြုန်းခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့မှုသည် လူ့အခွင့်အရေးကို လက်တွေ့ကျကျ ကာကွယ်ရန်နှင့် မြှင့်တင်ရန် လုပ်ဆောင်လိုခြင်းထက် အဆိုမူကြမ်းတင်သွင်းသူများ၏ လိုလားချက်ဖြစ်သည့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးမှုများအဖြစ် ထပ်ခါတလဲလဲ လုပ်ဆောင်လာသည့် ဆောင်ရွက်ချက်သာဖြစ်သည်။ ကောင်စီအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကို နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် ချန်လှပ်ထားခြင်းကြောင့် လူ့အခွင့်အရေးကောင်စီ၏ အခြေခံမူတစ်ခုဖြစ်သည့် အပြန်အလှန်ဆွေးနွေးခြင်း အနှစ်သာရမှာလည်း ပျောက်ပျက်နေပြီဖြစ်သည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒

ကြေးမုံ

# ပြည်သူလူထုကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ညီညွတ်ခြင်းသည် ဘေးအန္တရာယ်ကင်းရှင်းချမ်းသာခြင်းကို ဖြစ်စေပါသည်။ “နွားကွဲလျှင် ကျားဆွဲ” ဆိုသကဲ့သို့ စည်းလုံးညီညွတ်မှုပျက်ပြားသည်နှင့် ဘေးအန္တရာယ်များ ကျရောက်လာတတ်ပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်များ မကျရောက်စေရန်အတွက် အသိုက်အမြုံတစ်ခုအတွင်း ညီညွတ်ခြင်းကို ခိုင်ခိုင်မာမာ တည်ဆောက်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာအရ မတူကွဲပြားသော တိုင်းရင်းသား ပြည်သူများအတွင်း မရှိအတူ ရှိအတူ အေးအတူပူအမျှ နှစ်ပေါင်းထောင်ချီ အတူ လက်တွဲနေထိုင်ခဲ့ကြပါသည်။ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားမှုများရှိပါသော်လည်း အချိန်တန်လျှင် ပြန်လည်ကျေအေး အေးငြိမ်းခြင်းဖြင့် သင့်မြတ်စွာ ပြန်လည်နေထိုင်ခဲ့ကြပါသည်။ သို့သော် လောကတွင် ကောင်းခြင်း၊ ဆိုးခြင်းတို့ အတူယှဉ်တွဲရှိလာခဲ့ရာ မတူကွဲပြား ပြည်သူများအတွင်း ချစ်ခင်စည်းလုံးညီညွတ်ခြင်းကို ဖျက်ဆီးမည့်သူတို့ ရှိလာတတ်ပါသည်။

စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံသမိုင်းကြောင်းတွင် လူမျိုးရေး၊ နိုင်ငံရေးကြောင့် စည်းလုံးညီညွတ်မှု ပျက်ယွင်းခြင်းရှိတတ်ပြီး ပြည်သူအချင်းချင်းမှာမူ များသောအားဖြင့် အေးငြိမ်းချမ်းသာ ညီညွတ်စွာဖြင့် အစဉ်အဆက် နေထိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းတွင် အကျည်းတန် အရုပ်ဆိုး ဝမ်းနည်းကြေကွဲစရာအဖြစ်ဆိုးများနှင့် ကြုံတွေ့ရသော စည်းလုံးညီညွတ်မှုကို ဖြိုဖျက်လိုက်သည့် နောက်ဆက်တွဲရလဒ်ဆိုးကျိုးများကို မျက်မှောက်ကာလတွင် မြင်တွေ့နေရသည်။

ကုန်လွန်ခဲ့သည့် ငါးနှစ်ကာလမတိုင်ခင်အချိန်များက မြန်မာနိုင်ငံအတွင်းရှိ မြို့ရွာများတွင်နေထိုင်ကြသော ပြည်သူအများစုသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်ချက်၊ ခံယူချက်၊ အယူအဆမတူကွဲပြားသော်လည်း အချင်းချင်းနားလည်မှုရှိစွာဖြင့် အေးချမ်းစွာနေထိုင်ခဲ့ကြသည်။ နိုင်ငံရေးအရ ခံယူချက်မတူသူအချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိစွာဖြင့် အပြန်အလှန်ရိုင်းပင်းကူညီကြသည်။ လွန်ခဲ့သည့်ငါးနှစ်တာကာလမှစ၍ မြန်မာနိုင်ငံရှိ စည်းလုံးညီညွတ်မှုအစဉ်အလာ ပျက်စီးခြင်းဖြစ်လာခဲ့သည်။ ပုဂ္ဂိုလ်ရေး၊ ပါတီရေးအစွဲအလမ်းကြီးမှုများကြောင့် မတူကွဲပြားမှုများကြားတွင် အမုန်းတရားများ တိုးပွားလာခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲကာလက မတူကွဲပြားပါတီများကြား၌ မေတ္တာမထား၊ အမုန်းတရားများ တိုးပွားလာသည်ကို တွေ့ခဲ့ရသည်။ ပို၍ဆိုးရွားသည်မှာ ပြီးခဲ့သည့်နှစ်က နိုင်ငံရေးအစွန်းရောက်နှင့်ဖွဲ့စည်းထားသည့် CRPH နှင့် NUG အကြမ်းဖက်အဖွဲ့အစည်းသည် မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်သမား PDF များကို မြှောက်ပင့်ထောက်ပံ့အားပေးကူညီပြီး အဖျက်လုပ်ငန်းများကို စတင်လုပ်ဆောင်ရန် အချိန်းအချက်ပြုလုပ်သည့်အချိန်မှစ၍ ရန်လိုမုန်းထားရက်စက်ယုတ်မာမှုများ ကြီးထွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ PDF အမည်ခံ လက်နက်ကိုင်အကြမ်းဖက်သမားများသည် ရပ်ရွာများတွင် ခြိမ်းခြောက်ခြင်း၊ စည်းရုံးခြင်း၊ အကျပ်ကိုင်ခြင်း၊ နှိပ်စက်ခြင်း၊ ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လာကြသည်။

အကြောက်တရားကြောင့် ရပ်ရွာတွင်းနေ ပြည်သူများအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ယွင်းလာခဲ့သည်။ အမုန်းတရားကြောင့် အချင်းချင်း ရန်လိုမုန်းထား စိတ်ထားများထားလာကြသည်။ ငါနှင့်မတူ ငါ့ရန်သူဟူသော မကောင်းစိတ်ထားများ ပြုလုပ်လာကြသည်။ လက်နက်ကိုင်စွဲ လက်ရဲဇက်ရဲသတ်ဖြတ်ခြင်းများ ပြုလုပ်လာကြသည်။ ကျေးရွာများမှာ များသောအားဖြင့် လုံခြုံရေးနှင့်အလှမ်းဝေးလှသဖြင့် ယင်းကိုအခွင့်ကောင်းယူ၍ အကြမ်းဖက်အဖျက်သမားများမှာ မင်းမူလာကြသည်။ ယနေ့အချိန်အခါတွင် ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်မှုကို ပြုမူနိုင်သူမှာ အစွန်းရောက်နိုင်ငံရေးအသိဝင်နေသူများနှင့် အသိအမြင်ဗဟုသုတနည်းပါးသူဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် ပြည်သူများ လုံခြုံအေးချမ်းရေးအတွက် ဆောင်ရွက်ပေးနေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ လွှမ်းခြုံမိအောင် ဆောင်ရွက်ပေးနိုင်ရန်မှာ လွယ်ကူလှမည်မဟုတ်ပေ။ လက်လှမ်းမမီသောအခါ အချိန်မီကယ်တင်နိုင်ခြင်းမရှိဘဲ ပြည်သူများမှာ အဖြစ်ဆိုးများနှင့် ကြုံတွေ့ကြရသည်။ ထို့ကြောင့် စည်းလုံးညီညွတ်မှုနှင့် ရပ်ရွာကာကွယ်ရေးအတွက် တည်ဆောက်ဖွဲ့စည်းရန် အထူးလိုအပ်လာပြီဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့များ၏ ကူညီထိန်းကျောင်းမှုဖြင့် မိမိရပ်ရွာကို ကာကွယ်နိုင်ရန်အတွက် စည်းလုံးညီညွတ်ပြီး တောင့်တင်းခိုင်မာသော ရပ်ရွာကာကွယ်ရေးကို တည်ဆောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝ လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ပြည်သူလူထုပါဝင်သည့် ပြည်သူလူထုကာကွယ်ရေးစနစ်ကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်နေပြီဟု ရှုမြင်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ခုနစ်မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၀ (ရှမ်း)၊ ၃၈/၂၀၂၀ (တနင်္သာရီ)၊ ၄၅/ ၂၀၂၀ ( ကရင် )၊ ၄၆/၂၀၂၀(တနင်္သာရီ)၊ ၆/၂၀၂၁ ( ရန်ကုန် )၊ ၁၄/၂၀၂၁ ( မန္တလေး ) နှင့် ၂၉ / ၂၀၂၁ ( ရန်ကုန် ) စုစုပေါင်း တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၇/၂၀၂၁ (ရန်ကုန်)၊ ၅၀/၂၀၂၀ (ပဲခူး)၊ ၁/၂၀၂၁ (ရန်ကုန်)၊ ၂/၂၀၂၁ (စစ်ကိုင်း)နှင့် ၈/၂၀၂၁ (ရန်ကုန်) စုစုပေါင်းတရားမအထူးအယူခံမှု ငါးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး တောင်သူများအား အသိပညာပေးဆွေးနွေး



ထန်းတပင် မေ ၄

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ဒေသခံတောင်သူများ၏ လူမှုဘဝမြင့်မားစေရန် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များ တိုးတက်မြင့်မားရေး အတွက် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပွဲသာကျေးရွာအုပ်စု၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဆွေးနွေးပြောကြား**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြင့်က တောင်သူများ ရာသီအလိုက်သီးနှံများ စိုက်ပျိုးနိုင်မှုစွမ်းအားများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ စားသုံးဆီဖူလုံရေးနှင့် သီးနှံများအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်အသုံးပြု စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေသြဇာ အီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲနိုင်ရေးနှင့် သဘာဝပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ပြုလုပ်သုံးစွဲနိုင်ရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး၍ အထွက်နှုန်းကောင်းမွန်သော သီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်ရန်တို့ကို ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသော ဒေသခံတောင်သူများ၏ မေးမြန်းဆွေးနွေးမှုများကို မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄ - ၄ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁၃၅ | ၁,၀၈၀,၀၀၀ |
| MTSH | ၂,၇၀၀ | ၂,၆၅၀ | ၃,၆၂၀ | ၉,၇၃၉,၀၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁၁ | ၈၄,၇၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၅၀၀ | ၂၇,၀၀၀,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၆၀၀ | ၄၄၆ | ၁,၁၄၂,၃၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၃၈.၃ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၀.၇၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၂၂၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၃၈.၆၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၄၉၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၀.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၆၃.၄ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၈.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၂.၂၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

☆ ရှေ့ဖုံးမှ

အကြပ်ကြီးသင်ကျောင်းသို့ သွားရောက်၍ မြဝတီစာသင်ဆောင်၌ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများအား သင်ခန်းစာများအလိုက် စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုများနှင့် သင်တန်းခန်းမဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် သင်တန်းခန်းမ ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း)အရာခံနှင့် အကြပ်ကြီးသင်ကျောင်း ကျောင်းအုပ်ကြီးက တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တပ်မတော်(ကြည်း)အရာခံနှင့် အကြပ်ကြီးသင် ကျောင်းခန်းမ၌ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့်အညီ သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းအောင် သင်ကြားလေ့ကျင့်ရန်လိုကြောင်း၊ Standard Army တည်ဆောက်မှုကို အထောက်အကူပြုနိုင်ရန် ဖွံ့ဖြိုးတိုးတက်လာသည့် ကွန်ပျူတာနည်းပညာကို စနစ်တကျလေ့လာသွားရန်လိုကြောင်း၊ မိမိတို့၏ Professional ပညာရပ်အပေါ် လုပ်ငန်းခွင်တွင် ပိုင်နိုင်စွာ အသုံးချနိုင်သည်အထိ သင်ကြားတတ်မြောက်ရန်နှင့် သင်ယူသည့် ပညာရပ်များအပေါ် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသော ဆောင်ပုဒ်နှင့်အညီ လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ သင်တန်းပြီးဆုံး၍ လုပ်ငန်းခွင်ဝင်ရောက်သည့် အချိန်တွင်လည်း အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို မျက်ခြည်မပြတ် ဆက်လက်လေ့လာရန်လိုကြောင်း။

တာဝန်ထမ်းဆောင်ရာတွင် တပ်မတော်သားများဖြစ်၍ ပေးအပ်သည့်တာဝန်ကို အမိန့်နာခံမှုဖြင့် ကျေပွန်စွာ ထမ်းဆောင်ရန်နှင့် နိုင်ငံ့အရေး၊ ကမ္ဘာ့အရေးတို့ကို လေ့လာသိရှိနေရန်လိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများမှတစ်ဆင့် နိုင်ငံတော်အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းလာမှုအပေါ် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်တိမ်းစောင်းမှု မဖြစ်ပေါ်စေရေး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပါအတိုင်း တာဝန်ယူထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလ တစ်နှစ်ကျော်ကာလအတွင်း အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးတို့ကို သစ္စာရှိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဖြတ်သန်းကျော်လွှားခဲ့ပြီးဖြစ်ကြောင်း။

### အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာ

၂၀၂၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းရေး ဦးတည်ချက် ဖြင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုများမှတစ်ဆင့် သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်မှုများကြောင့် စက်ရုံအလုပ်ရုံများ မီးရှို့ခြင်း၊ လိုက်ပါလုပ်ဆောင်မှု မရှိသူများကို ဒလန်အဖြစ်သတ်ဖြတ်ခြင်း၊ တရားမဝင် လက်နက်ပုန်းများ၊ ဖောက်ခွဲရေးပစ္စည်းများဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ငွေကြေးရယူ၍အကြောင်းမဲ့သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာကြောင်း၊ တစ်ဖက်တွင်လည်း အစိုးရယန္တရားရပ်တန့်စေရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းအချို့အား မက်လုံးပေးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ဖြင့် CDM ပြုလုပ်စေခြင်း၊ လိုက်ပါဆောင်ရွက်မှု မပြုသူများကို Social Punishment ပြုလုပ်၍ ဖိအားပေးခြင်းတို့မှတစ်ဆင့် အစိုးရတစ်ရပ် ပြုတ်ကျစေရန် ပြုလုပ်ခဲ့ကြောင်း၊ သို့ရာတွင် ဝန်ထမ်းအချို့ CDM ပြုလုပ်မှုကြောင့် လစ်လပ်ခဲ့ရသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအချို့အား တပ်မတော်သားပညာရှင်များနှင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းတို့က ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း။

ပြည်ပနိုင်ငံကြီး အချို့အနေဖြင့် ပထဝီနိုင်ငံရေးအရ ဩဇာလွှမ်းမိုးနိုင်ရေး ကြိုးပမ်းခဲ့ရာ EAOs အချို့အပါအဝင် အကြမ်းဖက်အဖွဲ့အမျိုးမျိုးက နည်းမျိုးစုံဖြင့်၊ ထောက်ပံ့မှုအမျိုးမျိုးဖြင့် သိမ်းသွင်း၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းနှင့် အကြမ်းဖက်လုပ်ရပ်သင်တန်းများကိုပြုလုပ်စေ၍ အစိုးရရပ်တည်၍မရအောင် ဆောင်ရွက်လာကြောင်း၊ သို့သော် ပြည်သူလူထု၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့ဝင်များ၏ စည်းလုံးညီညွတ်မှုဖြင့် ကြံ့ကြံ့ခံကာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ နည်းမျိုးစုံဖြင့် အလုံးစုံပျက်သုဉ်းရေးဆောင်ရွက်မှု မအောင်မြင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် တွင်လည်း အထက်ပါလုပ်ရပ် များအပြင် တပ်မတော်၏ စည်းလုံးညီညွတ်မှု စွမ်းအားကိုဖြိုခွဲရန် ဦးတည်ကြိုးပမ်းလာခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရယူကာ စတင်တည်ထောင်ချိန်မှ စတင်၍ ယနေ့အထိ နိုင်ငံ့အရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဦးလည်မသုန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်အပေါ် ဘေးအန္တရာယ်အမျိုးမျိုး မကျရောက်စေရန် တားဆီးကာကွယ်ခဲ့ပါကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်း အသီးသီးအနေဖြင့် ပြည်ပနိုင်ငံကြီးအချို့၏ နယ်ရုပ်များသဖွယ် ခိုင်းစေသည့်အတိုင်း အခိုင်မာဆုံး Institution တစ်ခုဖြစ်သည့် တပ်မတော်ကို ဖြိုခွဲရန်ကြိုးပမ်းလာခြင်းသာဖြစ်ကြောင်း။

### မှန်ကန်သည့်ဘက်၌ ပြတ်သားစွာရပ်တည်

မိမိတို့ မြန်မာအများစု၏ စိတ်ဓာတ်သည် “ခြောက်တိုင်းလည်း မကြောက်၊ ချော့တိုင်းလည်း မပျော့ဘဲ” မှန်ကန်သည့်ဘက်၌ ပြတ်သားစွာရပ်တည်သူများဖြစ်ကြကြောင်း၊ တပ်မတော်အပေါ်တွင်လည်း နိုင်ငံကြီးအချို့၏ ခြိမ်းခြောက်မှု၊ ဝင်ရောက်စွက်ဖက်မှု၊ လူမျိုးတုံးသတ်ဖြတ်သူများအဖြစ် စွပ်စွဲမှုများဖြင့် ဖိအားပေးနှောင့်ယှက်နေသော်လည်း တပ်မတော်အနေဖြင့် စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် အဘက်ဘက်မှ အောင်မြင်စွာ ကျော်ဖြတ်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုအားလုံးတို့သည် အေးအတူပူအမျှဖြင့် “ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်”ဟူသော စုစည်းညီညွတ်မှုဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်များတွင် ကျော်လွှားနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ကျော်လွှားကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အစွန့်ရှည်ရပ်တည်နိုင်ရန် စည်းလုံးညီညွတ်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း။

ထိုသို့ အခက်အခဲများနှင့် စိန်ခေါ်မှုမျိုးစုံတို့ကို ရင်ဆိုင်ဖြေရှင်းရာတွင် တပ်မတော်သားတိုင်း တစ်ဦးချင်း၊ မိသားစုတစ်ဦးချင်းအနေဖြင့် အရေးကြီးဆုံးအချက်မှာ ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သွားလာ၊ နေထိုင်၊ စားသောက်မှုပုံစံဖြင့် လှုပ်ရှားဆောင်ရွက်မှသာ ကျန်းမာကြံ့ခိုင်နေမည်ဖြစ်ကြောင်း၊ စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ တွင် စစ်သည်တစ်ဦးချင်းအလိုက် ကောင်းမွန်သော စည်းကမ်းစနစ်တကျ နေထိုင်မှုပုံစံ သတ်မှတ်ပေးထားပြီးဖြစ်၍ လိုက်နာစောင့်ထိန်းရန်လိုကြောင်း၊ ပြည်ပနိုင်ငံကြီးအချို့နှင့် အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ မီဒီယာအရ နည်းအမျိုးမျိုးဖြင့် ဖိအားပေးရန် ကြိုးပမ်းနေမှုများကို တပ်မတော်သားများအနေဖြင့် ပေးအပ်သည့် တာဝန်ဝတ္တရားများအပေါ် သစ္စာရှိရှိကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်က အားကိုးရသော၊ နိုင်ငံတော်အပေါ် သစ္စာရှိသော၊ တပ်မတော်ကအားကိုးရသော၊ တပ်မတော်ကို သစ္စာရှိသော တပ်မတော်သားများဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

### စားသောက်ဖွယ်ရာများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သင်တန်းသားများနှင့် နည်းပြအရာရှိများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ အလားတူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက သင်တန်းသားများအတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား ဒုတိယကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းရှိ နို့စားနွားနှင့် ဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အဆိုပါ သင်တန်းကျောင်းရှိ သင်တန်းသား စုပေါင်းစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း မြဝတီစာသင်ဆောင်၌ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအား သင်ခန်းစာများအလိုက် စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ မိမိတို့မြန်မာအများစု၏ စိတ်ဓာတ်သည် “ခြောက်တိုင်းလည်း မကြောက်၊ ချော့တိုင်းလည်း မပျော့ဘဲ” မှန်ကန်သည့်ဘက်၌ ပြတ်သားစွာ ရပ်တည်သူများဖြစ်

☆ တပ်မတော်အပေါ်တွင်လည်း နိုင်ငံကြီးအချို့၏ ခြိမ်းခြောက်မှု၊ ဝင်ရောက်စွက်ဖက်မှု၊ လူမျိုးတုံးသတ်ဖြတ်သူများအဖြစ် စွပ်စွဲမှုများဖြင့် ဖိအားပေးနှောင့်ယှက်နေသော်လည်း တပ်မတော်အနေဖြင့် စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် အဘက်ဘက်မှ အောင်မြင်စွာ ကျော်ဖြတ်သွားမည်

☆ တပ်မတော်သားများနှင့် မိသားစုအားလုံးတို့သည် အေးအတူပူအမျှဖြင့် “ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်”ဟူသော စုစည်းညီညွတ်မှုဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်များတွင် ကျော်လွှားနိုင်ခဲ့

☆ ဆက်လက်၍လည်း ကျော်လွှားကြရမည်ဖြစ်၊ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အစွန့်ရှည်ရပ်တည်နိုင်ရန် စည်းလုံးညီညွတ်မှုသည် အခြေခံလိုအပ်ချက်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးမြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရုံးသို့ရောက်ရှိရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန် စုစုပေါင်း ၅၅ ဧကတည်ဆောက်ထားရှိမှုအခြေအနေ၊ ရာသီသီးနှံနှင့် မြေအစားထိုးသီးနှံစိုက်ပျိုးထားရှိမှု၊ Green House အတွင်း စိုက်ပျိုးထားရှိမှုနှင့် ကျောက်စိမ်းတစ်သျှူး ငှက်ပျော(သီးမွှေး) စိုက်ပျိုးထားရှိမှု၊ DYL မျိုးမြင့်သားပေါက်ဝက်များနှင့် မြေစိုက်ရေခံ အဆောက်အအုံနှင့် လေလုံအအေးပေး အဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ နို့စားနွားနှင့် အသားတိုးနွားများ မွေးမြူထားရှိမှု၊ လား၊ မြည်း မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်အသား၊ ငါး၊ အသီးအရွက်များအား တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ မရပ်မနားကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ❒ ကုလသမဂ္ဂမှ

ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးပုံမှန်သုံးသပ်မှုအစီအစဉ် (UPR) နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တင်သွင်းခဲ့သည့် အစီရင်ခံစာအပေါ် သုံးသပ်မှုကို ၂၀၂၂ ခုနှစ် ဇွန်လတွင် ကျင်းပမည့် လူ့အခွင့်အရေးကောင်စီ၏ အကြိမ်(၅၀)မြောက်အစည်းအဝေးသို့ ရွှေ့ဆိုင်းခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ရွှေ့ဆိုင်းခဲ့ခြင်းမှာ နိုင်ငံအားလုံးကို တစ်ပြေးညီနှင့် တူညီစွာဆက်ဆံရန်ဆိုသည့်မူ၊ လူ့အခွင့်အရေးကိစ္စများကို ဆွေးနွေးရာတွင် ထိပ်တိုက်ရင်ဆိုင်ခြင်းကို ရှောင်ရှားရမည့်မူနှင့် နိုင်ငံရေးသဘော သက်ရောက်ခြင်းမရှိဘဲ သုံးသပ်ခံနိုင်ငံကို အပြည့်အဝပါဝင်စေလိုသော UPR ၏ ရည်ရွယ်ချက်များနှင့်လည်း ဆန့်ကျင်နေသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာအပေါ် အပြန်အလှန်မြှင့်တင်ဆွေးနွေးပွဲကို ၁၈-၃-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည်။ ယင်းအစီရင်ခံစာတွင် “Call to Action” နည်းလမ်းဖြင့် လူ့အခွင့်အရေးကိစ္စရပ်များကို ပေါင်းစည်းရန်ဟု အကြောင်းပြဖော်ပြကာ ကုလသမဂ္ဂအေဂျင်စီအမျိုးမျိုး၏ ကျွမ်းကျင်မှုများတွင် နိုင်ငံရေးသွတ်သွင်း၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ကုလသမဂ္ဂဌာနေရုံးများအပေါ် မလျော်ကန်သည့် ဖိအားသက်ရောက်စေသည်။ “Call to Action” ကို မည်သို့ရန်ပုံငွေပံ့ပိုးသည်ကိုလည်းကောင်း၊ လိုအပ်သောဝန်ထမ်းအင်အားခွဲဝေချထားခြင်း ရှိ-မရှိကိုလည်းကောင်း ဖော်ပြထားခြင်းမရှိသဖြင့် အမှီအခိုကင်းစွာလည်ပတ်ရေး အာမခံချက်မပါရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံ၏ သဘောတူညီချက်မပါဝင်ဘဲ ဆောင်ရွက်သည့် တစ်ဖက်သတ်ယန္တရားများကို မြန်မာနိုင်ငံက လက်ခံခြင်းမရှိဘဲ ပယ်ချသည်။

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် အပြန်အလှန် ဆွေးနွေးပွဲကို ၂၁-၃-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည်။ မဟာမင်းကြီးအနေဖြင့် CRPH၊ NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်မှုများကို အသိအမှတ်ပြုသော်လည်း ကိန်းဂဏန်းများကို လျှော့ပေါ့ဖော်ပြခဲ့သည်။ ထို့အပြင် “လက်နက်ကိုင်ခုခံသူအဖွဲ့များ”ဟု အမည်တပ်၍ အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်သည့်အတိုင်းအတာအဖြစ် လမ်းကြောင်းကာ ဆူပူအုံကြွစေရန်ပင် လှုံ့ဆော်ခဲ့သည်။ အကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာနှင့် သီလရှင်များ၊ အမျိုးသမီးနှင့် ကလေး ဒါဇင်ပေါင်းများစွာနှင့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအပါအဝင် အပြစ်မဲ့အရပ်သား ၂၀၀၀ ကျော် သတ်ဖြတ်ခဲ့မှုကို မသိကျိုးကျွန်ပြုထားသည်။ မဟာမင်းကြီးသည် ပုလဲ၊ လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်များ၏ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် သိမ်းကျုံးစွပ်စွဲမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံက အများပြည်သူသို့ ထုတ်ပြန်အသိပေးပြီးဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံ၏အမြင်ကို သင့်တင့်စွာထင်ဟပ်ဖော်ပြရန် မဖြစ်မနေ လိုအပ်သော်လည်း ယင်းသို့အများသိထုတ်ပြန်ပြီး အချက်အလက်များကို မဟာမင်းကြီးက ထည့်သွင်းဖော်ပြရန် ပျက်ကွက်မှုသည် ၎င်း၏ ပညာရှင်ပီသမှုနှင့် သမာသမတ်ကျမှုအပေါ် မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

၂၁-၃-၂၀၂၂ ရက် တစ်ရက်တည်းတွင်ပင် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးမှုတစ်ခုကို ထပ်မံကျင်းပခဲ့သည်။ အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် အရေအတွက်ပမာဏအပေါ် အထူးစိတ်ဝင်စားပုံရပြီး အစီရင်ခံသည့် အကြိမ်တိုင်းအရေအတွက်များကို တိုးမြှင့်ဖော်ပြနေသဖြင့် ၎င်းစွပ်စွဲထားသည့် သေဆုံးမှုနှင့် နေရပ်စွန့်ခွာသူများပမာဏမှာ တစ်မုဟုတ်ချင်း တိုးပွားလာသည်ကို တွေ့ရသည်။ လူ့အခွင့်အရေးကောင်စီအစည်းအဝေးတစ်ခုတည်းသို့ လုပ်ကြံဖန်တီး တင်သွင်းသည့် အစီရင်ခံစာ နှစ်ခုတွင်ပင် ၎င်းဖော်ပြထားသည့် အရေအတွက်မှာ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည်။ အထူးအစီရင်ခံစာတင်သွင်းသူ၏ ကျင့်ဝတ်တွင် သက်ဆိုင်ရာနိုင်ငံအား ၎င်းနိုင်ငံအပေါ် စွဲဆိုသည့်စွပ်စွဲချက်များကို တုံ့ပြန်နိုင်သည့် အခွင့်အရေးပေးရန်နှင့် ထိုတုံ့ပြန်ချက်များကို အကျဉ်းချုပ်ရေးသားကာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာတွင် နောက်ဆက်တွဲအဖြစ် ဖော်ပြပေးရန် လိုအပ်သည်။ သို့သော် အထူးအစီရင်ခံစာတင်သွင်းသူက ၎င်း၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခဲ့ပြီး “ရက်စက်ကြမ်းကြုတ်မှုများကို ဖြစ်ပွားစေသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မြန်မာ့တပ်မတော်ထံသို့ လက်နက်ရောင်းဝယ်ဖောက်ကားမှုများ” ခေါင်းစဉ်ဖြင့် စာတမ်း (Conference room paper) ကိုပါ လုပ်ကြံဖန်တီးခဲ့သည်။ ၎င်းလိုလားသည့်ဇာတ်လမ်းများနှင့်မကိုက်ညီသည့် ကွဲပြားသောရှုထောင့်နှင့် အမြင်များကို ရည်ရွယ်ချက်ရှိစွာ ထည့်သွင်းထားခြင်းမရှိသဖြင့် အထူးအစီရင်ခံစာ တင်သွင်းသူ၏ ဆန်းစစ်လေ့လာမှုများသည် မျှတမှုမရှိ ဘက်လိုက်မှုရှိကြောင်း ထင်ရှားစွာတွေ့ရသည်။

၁-၄-၂၀၂၂ ရက်တွင် “မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေများ” ခေါင်းစဉ်ဖြင့် ဥရောပသမဂ္ဂက တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုကို အတည်ပြုခဲ့သည်မှာလည်း စိတ်ပျက်ဖွယ်ရာဖြစ်သည်။ ယင်းဆုံးဖြတ်ချက်အဆိုပါ အကြောင်းအရာများတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်သည့် အတိုင်းအတာကို ရှင်းလင်းစွာတွေ့ရှိရပြီး စိစစ်ထားခြင်းမရှိသည့် အချက်အလက်များ၊ အခြေအမြစ်မရှိသော စွပ်စွဲချက်များ ပါဝင်သောကြောင့် လူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ဘက်လိုက်မှုမရှိရေး (Impartiality)၊ ဓမ္မဓိဋ္ဌာန်ကျကျဖြစ်ရေး (Objectivity)နှင့် လူ့အခွင့်အရေးကိစ္စ ကိုင်တွယ်ရာတွင် သီးသန့်ရွေးချယ်ပြီးမပြုလုပ်ရေး (Non-selectivity) တို့နှင့် ဆန့်ကျင်နေသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းလျက်ရှိသည်။ သို့ရာတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူများနှင့်ဆန့်ကျင်သော နိုင်ငံအချို့၏ စွက်ဖက်သော အပြုအမူများကို ရှုတ်ချသည်။ ဆုံးဖြတ်ချက် အဆိုတင်သွင်းသော နိုင်ငံများ၏ မြန်မာနိုင်ငံအတွက် အထောက်အကူမပြုသောဆောင်ရွက်ချက်နှင့် ဆုံးဖြတ်ချက်အဆိုပါ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးသောယန္တရားများနှင့် ဖော်ပြချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချသည်။

မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများ၏ အပြုသဘောဆောင်သော ပြောကြားချက်များကို အသိအမှတ်ပြုမှတ်သားထားကာ မြန်မာနိုင်ငံအပေါ် ဆန့်ကျင်သည့် ဆုံးဖြတ်ချက်အဆို အတည်ပြုချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမပြုခဲ့ကြသည့် နိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်။**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”** စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့်လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်) အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးလှထွန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၂) | ဒေါ်ခိုင်ရွှေဝါ | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော် ဗဟိုဘဏ် |

## ခေတ္တရပ်ဆိုင်းထားသည့် Business Visa ကို မေ ၁ ရက်မှစတင်လျှောက်ထားနိုင်ကြောင်းကြေညာထားပြီး လျှောက်ထားသူ ၅၄ ဦးရှိ

**နေပြည်တော် မေ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် Online e-Visa စနစ်ဖြင့် Business Visa (လုပ်ငန်းဗီဇာ) လျှောက်ထားမှုကို ယာယီရပ်ဆိုင်းထားရာမှ ခွင့်ပြုချက်ဖြင့် ၂၀၂၂ ခုနှစ် မေ ၁ ရက်မှစ၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ခွင့်ပြုဆောင်ရွက်လျက်ရှိရာ ခရီးသွားများ အဆင်ပြေစွာ လျှောက်ထားဆောင်ရွက်နိုင်ရေးအတွက် Online e-Visa ထုတ်ပေးခြင်းဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ခေတ္တရပ်ဆိုင်းထားခဲ့**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနအနေဖြင့် Online e-Visa စနစ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး Online e-Visa (ကမ္ဘာလှည့်)ကို နိုင်ငံပေါင်း ၁၀၀၊ Online e-Visa (လုပ်ငန်း)ကို နိုင်ငံပေါင်း ၅၅ နိုင်ငံကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာမှ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်တွင် ခေတ္တရပ်ဆိုင်းထားခဲ့ပါကြောင်း၊ လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလျက်ရှိရာ လာမည့် မေ ၁၇ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဝင်ရောက် ပျံသန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာပြီးဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ခေတ္တရပ်ဆိုင်းထားသည့် Online e-Visa အနက် Business Visa (လုပ်ငန်းဗီဇာ) ကို မေ ၁ ရက်မှ စတင်လျှောက်ထားနိုင်ကြောင်းကို e-Visa website မှ ကြေညာထားပြီး ယခုအထိလျှောက်ထားသူ ၅၄ ဦး ရှိပြီဖြစ်ကြောင်း။

ယင်းသို့ ကြေညာရာတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြပါရှိသော်လည်း ဝင်ရောက်လာသည့် နိုင်ငံခြားသားများအတွက် ကျန်းမာရေးဆိုင်ရာ အာမခံဝန်ဆောင်မှုပေးရေးကိစ္စများနှင့် ခရီးသွားများလိုက်နာရန် လိုအပ်ချက်များ၊ အခြားသောဌာနများ၏ လိုအပ်ချက်များ ထပ်မံထည့်သွင်း ဖော်ပြနိုင်ရေးအတွက် ယခုအစည်းအဝေးပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ e-Visa (လုပ်ငန်း)ဖြင့် လျှောက်ထားသူများအတွက် ပြန်လည်အကြောင်းပြန်နိုင်ရေးနှင့် မေ ၁၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများမှ ဝင်ရောက်လာမည့် ခရီးသွားများအတွက် အဘက်ဘက်က ပြည့်စုံမှန်ကန်သည့် သတင်းအချက်အလက်များ ထုတ်ပြန်ဖော်ပြ ကြေညာနိုင်ရေးအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခချုပ် ဒေါက်တာအေးထွန်းက ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးစည်းကမ်းချက်များနှင့်ပတ်သက်၍ ဗဟိုကော်မတီသို့ နောက်ဆုံးတင်ပြထားသည့်အချက်အလက်များ၊ ကယ်ဆယ်ရေးလေယာဉ်နှင့် ပုံမှန်လေကြောင်းလိုင်းများတွင် လိုက်ပါလာမည့် ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန္ဒာဦး၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်ရှိန်နှင့် တက်ရောက်လာကြသူများက ခရီးသွားအာမခံနှင့် ကျန်းမာရေးအာမခံထားရှိမှုအတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ အာမခံဆိုင်ရာမူဝါဒများနှင့် ဝန်ဆောင်မှုများ၊ နိုင်ငံခြားသံရုံးများတွင် လျှောက်ထားခွင့်ပြုမည့် ပြည်ဝင်ဗီဇာကိစ္စရပ်များနှင့် ဆောင်ရွက်နေမှု၊ တည်းခိုနေထိုင်ရေးနှင့် Quarantine ဝင်ရောက်ရေးဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ၊ Online e-Visa ခွင့်ပြု ဆောင်ရွက်နိုင်ရေးအတွက် ဖြည့်စွက်ကြေညာသင့်သည့် အချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိမိတို့ဌာနမှ မေ ၁ ရက်တွင် စတင်လျှောက်ထားခွင့်ပြုသည့် Online e-Visa စနစ် Business Visa (လုပ်ငန်းဗီဇာ) အတွက် လိုအပ်ချက်များ ဖြည့်စွက်ဆောင်ရွက်မည့်အစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ စတင်မည့် မေ ၁၇ ရက်တွင် ဆောင်ရွက်မည့်ကိစ္စရပ်များ၌ ပြည်ပခရီးသွားများ အားလုံးအတွက် အသိပေးဆောင်ရွက်မည့်အစီအစဉ်များကို အတည်ပြုထုတ်ပြန်ကြေညာဆောင်ရွက်မှုများနှင့် ပတ်သက်၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့သည့် Supply Chain လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်သွားပါက အောင်မြင်မှုရရှိမည်

**နေပြည်တော် မေ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အသင်းအဖွဲ့များသည် ဝန်ကြီးဌာနနှင့် ပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့သည့် Supply Chain တစ်လျှောက်ရှိ လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်သွားပါက အောင်မြင်မှုများရရှိလာမည်ဖြစ်ကြောင်း။

ပြောင်းသည် လယ်ယာထွက်ကုန်ကဏ္ဍတွင် အရေးပါသည့်အခန်းကဏ္ဍ၌ ပါဝင်ကြောင်း၊ ဈေးကွက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ညီနောင်အသင်းအဖွဲ့များ စုပေါင်း၍ Win-Win အခြေအနေဖြစ်အောင် ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြောင်းလုပ်ငန်းအသင်းများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ပြည်ပသို့ ပြောင်းတင်ပို့မှု၊ ပြည်တွင်းအစာစပ်ကုမ္ပဏီများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးစေ့၊ ဓာတ်မြေဩဇာစသည့် သွင်းအားစုဆိုင်ရာ အခက်အခဲကြုံတွေ့နေရမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးညွှန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင်

မောင်ဒီမို

ဒီမိုကရေစီနိုင်ငံများတွင် တိုင်းပြည်၏ အကောင်းအဆိုးသည် နိုင်ငံရေးသမားများ၏ လက်ထဲတွင်ရှိသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် မဲဆန္ဒရှင်အများစုက မဲပေးရွေးချယ်သူများသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်လာသည်။ ပြည်သူ့ကိုယ်စားလှယ်အများစု ရရှိသည့်ပါတီ၊ အဖွဲ့အစည်း၊ အုပ်စုတို့က အစိုးရအဖွဲ့ကို ခေါင်းဆောင်ဖွဲ့စည်းကြရ၏။ ထိုအစိုးရအဖွဲ့သည် ပြည်သူ့အကျိုးကို သယ်ပိုးရ၏။

ထို့ကြောင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်လောင်းများ အရည်အချင်းပြည့်ဝဖို့ လိုအပ်ရုံမက ခေါင်းဆောင်လောင်းများကို ရွေးချယ်တင်မြှောက်ကြမည့် ပြည်သူလူထုကလည်း လူမှန်နေရာမှန် ရွေးချယ်နိုင်စွမ်းရှိရပါမည်။

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် နိုင်ငံရေးသမားနှင့် နိုင်ငံရေးခေါင်းဆောင်ကို စကားလုံးနှစ်မျိုးဖြင့် ခွဲခြားထားသည်။ အမြော်အမြင်ကြီးမားသော တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်ကို Statesman ဟုဆိုပြီး နိုင်ငံရေးသမားကို Politician ဟု ဆိုကြသည်။

**တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်**

Politician ဟူသည့် နိုင်ငံရေးသမားသည် လာမည့်ရွေးကောက်ပွဲအတွက်သာ ကြည့်ပြီး Statesman ဟူသည့် အမြော်အမြင်ကြီးမားသော တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်သည် နောက်လာမည့် မျိုးဆက်တစ်ခုအတွက်ပါ ကြည့်တတ်သည်။ Statesman အဆင့်ရောက်သွားလျှင် ကိုယ့်ပါတီအဖွဲ့အစည်းအာဏာရရှိရေးထက် တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းရေးကိုသာ ရှေ့တန်းတင်လုပ်ဆောင်လေ့ရှိကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

နိုင်ငံရေးကျွမ်းကျင်သူ အချို့က အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူးကို Statesman ဟု ဆိုပြီး အင်ဒီရာဂန္ဒီကိုမူ Politician ဟုသာ သုံးသပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်မူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို စာရေးဆရာကြီး မောင်ထင်က ဗမာ့နိုင်ငံရေးသုခမိန်(Statesman) အဖြစ် အသိအမှတ်ပြု တင်စားရေးသားခဲ့သည်။

ဗမာ့နိုင်ငံရေးသုခမိန်ဟူသည့် ဆောင်းပါးတွင် ဆရာကြီးက **"စင်စစ်ဗိုလ်ချုပ်သည် နုပျိုသောအရွယ်၌ နိုင်ငံရေးကို ဆောင်ရွက်ခဲ့ရသော်လည်း သူ၏ အတွေးအခေါ်တို့မှာ ဝါရင့်သော နိုင်ငံရေးသုခမိန်တို့၏ အတွေးအခေါ်မျိုးဖြစ်ရကား ဗိုလ်ချုပ်အား တကယ်ချစ်ပါသည်၊ ခင်ပါသည်၊ သတိရပါသည်ဟု ဆိုလျှင် ပညာရှင်ဆန်သောဗိုလ်ချုပ်၏အတွေးအခေါ်များ ရင့်သန်လာခဲ့သည့်နည်းတူ လူထု၏ စဉ်းစားဉာဏ်လည်း ရင့်သန်လာကြစေရန် လူထုတစ်ရပ်လုံး ကြိုးစားသင့်လှပေသည်။ နိုင်ငံရေးသမား ပေါသလောက် နိုင်ငံရေးသုခမိန် ရှားလှသောဤနိုင်ငံတွင် နိုင်ငံရေးသုခမိန်များ ထွန်းပေါ်လာပါစေရန် ရည်သန်၍ ကျွန်တော်မှတ်မိသမျှ ဗိုလ်ချုပ်၏ဟောပြောချက်၊ ကြေညာချက်၊ မိန့်ကြားချက်တို့ကို ယခု တင်ပြပါသည်။ ဗိုလ်ချုပ်ကို ၂၀ ရာစုနှစ်မြန်မာ့နိုင်ငံရေးသုခမိန်ဟု ကျွန်တော် ယူဆလျှင် ယုတ္တိတန်၏၊ မတန်၏ကို စာရှုသူတို့ ဂဏသေချာပိုင်းခြားဝေဖန်နိုင်ကြပါစေသတည်း"** ဟု သုံးသပ်တင်ပြခဲ့သည်။

စာရေးဆရာကြီး ကိုကိုမောင်ကြီးကမူ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးပါရမီရှင်ဟု ဆိုသည်။ "ကျွန်တော်သိသော တစ်ရံရောအခါများ" စာအုပ်တွင် ဆရာကြီးက **"နိုင်ငံရေးသည် သိပ္ပံအတတ်ပညာတစ်ရပ်ဖြစ်ရုံမျှသာမကဘဲ အနုပညာ၏သဘောလက္ခဏာကိုလည်း ဆောင်ယူနေပေသည်။ နိုင်ငံရေးခေါင်းဆောင်မှုသည် နိုင်ငံရေးအသိပညာကို သိရှိရုံမျှဖြင့် မလုံလောက်ဘဲ ထိုအသိပညာကို လက်တွေ့ခန်းတွင် ဘယ်ပုံဘယ်နည်း အသုံးပြုရမည်ဆိုသည့် ကျွမ်းကျင်လိမ္မာမှုပညာ(ဝါ) နိုင်ငံရေးအနုပညာကိုလည်း တတ်သိနေရမည်ဖြစ်သည်။**

**ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးကို သာမန်တတ်ကျွမ်းသူမဟုတ်။ နက်နက်နဲနဲ နားလည်တတ်ကျွမ်းပြီး လက်တွေ့လုပ်ငန်းတွင် ထိရောက်အောင်မြင်အောင် အသုံးပြုနိုင်သူဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။**

**သူနှင့်ခေတ်ပြိုင် နိုင်ငံရေးခေါင်းဆောင်များနှင့် နှိုင်းယှဉ်ပြီးပြောရမည်ဆိုလျှင် ရိုးသားဖြောင့်မတ်သည့်နေရာမှာရော တတ်ကျွမ်းနားလည်ထားသည်များကို လက်တွေ့လုပ်ဆောင်ရာတွင်ပါ အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိသူဖြစ်သည်။ စာရေးဆရာကြီး မောင်ထင်က ဗိုလ်ချုပ်အောင်ဆန်းအား နိုင်ငံရေးသုခမိန်ဟု ခေါ်ခဲ့ပါ၏။ ကျွန်တော်ကတော့ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးပါရမီရှင်ဟု ယုံကြည်လျက်ရှိနေခဲ့ပါသည်"** ဟု သုံးသပ်ရေးသားခဲ့သည်။

ဒီမိုကရေစီရင့်ကျက်သောနိုင်ငံကြီးများတွင်မူ နိုင်ငံရေးအလုပ်ကို ပရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ်အနေဖြင့် လုပ်ကိုင်လေ့ရှိကြသည်။ နိုင်ငံရေးသမားအချို့က မိမိတို့တတ်ကျွမ်းသည့်ပညာနှင့် တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်ရန်၊ အချို့ကား တန်ခိုး၊ အာဏာ၊ ပါဝါတို့အတွက်၊ အချို့ကမူ နိုင်ငံရေးမျိုးဆက် အဆက်ဆက်ကို အမွေခံနိုင်ငံရေး မျိုးဆက်ခံယူရန် စသဖြင့် ရည်ရွယ်၍ နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်ရောက်ကြသည်။

**နိုင်ငံရေးပညာရပ်**

သို့အတွက် သူတို့သည် ငယ်စဉ်ကောလိပ်ကျောင်းသားဘဝကတည်းက နိုင်ငံရေးကို စိတ်ဝင်တစား တစိုက်မတ်မတ် လေ့လာခဲ့ကြသည်။ နိုင်ငံရေးပညာရပ်ကို အခြား အသက်မွေးဝမ်းကျောင်းပညာရပ်ကဲ့သို့ နှစ်မြှုပ်လေ့လာဆည်းပူးကြသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူအဖြစ် ကြိုက်နှစ်သက်ရာပါတီတွင် လုပ်အားပေးကြသည်။ ရွေးကောက်ပွဲများတွင် အောင်နိုင်ရေးအဖွဲ့ဝင်ခေါ် မဲဆွယ်သူများအဖြစ် ပါဝင်လှုပ်ရှားရင်း နိုင်ငံရေးပညာရပ်ကို စာတွေ့၊ လက်တွေ့ လေ့လာဆည်းပူးကြသည်။ ထို့နောက် မဲဆန္ဒရှင်ပြည်သူများ ယုံကြည်ကိုးစားလောက်သည့်အရည်အချင်း အထိုက်အလျောက်ရှိပြီဟုစိတ်ချရမှ ရွေးကောက်ပွဲဝင်အရွေးခံကြသည်။

သို့တစေ ယနေ့ကမ္ဘာတွင် နိုင်ငံရေးသမားများအပေါ် သက်ဆိုင်ရာနိုင်ငံအလိုက် လူထု၏ ယုံကြည်ကိုးစားမှုများ တစ်စတစ်စလျော့နည်းလာခဲ့ကြသလို ဒီမိုကရေစီ ရှေ့ဆောင်နိုင်ငံကြီး တစ်နိုင်ငံဟုဆိုသည့် အမေရိကန်ပြည်ထောင်စုမှာပင် နိုင်ငံရေးအပေါ် ငြီးငွေ့မုန်းတီးမှုများ ဖြစ်ပေါ်လာခဲ့ကြသည်။

> **ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းတွင် ပါလီမန်လွှတ်တော် ရှိရပါမည်။ လွှတ်တော်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိရပါမည်။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် ရွေးကောက်ပွဲများရှိရပါမည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများရှိရပါမည်။ နိုင်ငံရေးပါတီများကို နိုင်ငံရေးသမားများဖြင့် ဖွဲ့စည်းတည်ထောင်ကြရပါမည်**

အာရှတိုက်တွင်လည်း ဒီမိုကရေစီသက်တမ်းရင့်နိုင်ငံကြီးမှ နိုင်ငံရေးသမားအချို့ကို သူတို့ပြည်သူများက နိုင်ငံရေးလုပ်စားနေကြသူများဟု ဝေဖန်လာကြသည်။ နိုင်ငံရေးကို ရင်းနှီးမြှုပ်နှံမှုတစ်ခုလို လုပ်နေသူတွေများလာပြီ။ နိုင်ငံရေးလုပ်စားသူများက အလားအလာကောင်းသည့် နိုင်ငံရေးပါတီတစ်ခုကို ရန်ပုံငွေကောင်းကောင်းထည့်ပြီး ပါတီထဲဝင်ရောက်၊ ပါတီခေါင်းဆောင်ပိုင်းကို လာဘ်ထိုးပြီး အမတ်လောင်းဖြစ်အောင်လုပ်၊ အရွေးခံမည့် မဲဆန္ဒနယ်အတွက် ငွေတွေသုံးပြီး အကျိုးပြုလုပ်ငန်းတွေလုပ်ပြ၊ အမတ်အရွေးခံရလျှင် လုပ်ပိုင်ခွင့်အာဏာရှိသည့် နိုင်ငံရေးရာထူး ဌာနန္တရ ကုလားထိုင်မှာထိုင်ပြီး လေးငါးနှစ်အတွင်း အရင်းကျေရုံမက အဆများစွာ အမြတ်ထွက်အောင် စီးပွားရေးသမားများနှင့် ဝေစားမျှစား လုပ်တတ်သူများအဖြစ် လက်ညှိုးထိုး ဝေဖန်မှုများရှိလာသည်။

ယနေ့ခေတ် နိုင်ငံရေးသမားများ လုပ်ဆောင်နေသည့် နိုင်ငံရေးသည် ညစ်ပတ်မှုများ ရှိလာကြောင်း၊ ငွေနောက်၊ တန်ခိုးအာဏာနောက်၊ ကျော်ကြားမှုနောက်သို့ လိုက်မှုများက များနေကြောင်း ဝေဖန်သုံးသပ်မှုများရှိလာခဲ့ရုံမက ၎င်းတို့နိုင်ငံ၏ နိုင်ငံရေးလောက အရည်အသွေးမြှင့်တင်ရေးနှင့် ပတ်သက်၍ လွှတ်တော်အမတ်များ၏ အနိမ့်ဆုံး ပညာအရည်အချင်းကန့်သတ်ချက်ထားရှိရေးအတွက်ပင် ဆွေးနွေးငြင်းခုန်မှုများ ရှိလာခဲ့ကြောင်း သိရှိရသည်။

**နိုင်ငံရေးသမားများ၏ ပုံရိပ်**

ဒီမိုကရေစီဘိုးအေနိုင်ငံကြီးများဖြစ်ကြသည့် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုမှာပင် ပြည်သူလူထုအတွင်း နိုင်ငံရေးသမားများ၏ ပုံရိပ်များမှာ ကျဆင်းနေသည်။ နိုင်ငံရေးသမားများကို "ငို့ဘ" (ငါ့ဖို့ချည်းပဲကြည့်တတ်သူ) များအဖြစ် အများက သဘောထားလာကြသည်။ ပါလီမန်အမတ်အချို့သည် ကိုယ်ရေးကိုယ်တာအသေးစိတ်မှအစ နိုင်ငံဘဏ္ဍာထဲမှ အသုံးစရိတ်ထုတ်ယူသုံးစွဲမှုများရှိလာခဲ့၍ ထိုသို့ ပြစ်တင်ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံရေးသမားတွေမလိုချင်ဘူး၊ ခေါင်းဆောင်တစ်ယောက် ပေါ်ထွက်လာဖို့ပဲလိုတယ်ဟူ၍ လည်းကောင်း၊ နိုင်ငံရေးသမားကောင်း၊ ခေါင်းဆောင်ကောင်း နှစ်မျိုးစလုံးအတွက် အရည်အချင်းရှိသူကို ရွေးကောက်ရမယ်ဟူ၍ လည်းကောင်း ပြောဆိုသုံးသပ်ဝေဖန်မှုများလည်း ရှိလာသည်။

မည်သို့ဆိုစေ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းတွင် ပါလီမန်လွှတ်တော် ရှိရပါမည်။ လွှတ်တော်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိရပါမည်။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် ရွေးကောက်ပွဲများ ရှိရပါမည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများရှိရပါမည်။ နိုင်ငံရေးပါတီများကို နိုင်ငံရေးသမားများဖြင့် ဖွဲ့စည်းတည်ထောင်ကြရပါမည်။

ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ရမည့် နိုင်ငံရေးသမားများသည် မည်သို့သော အရည်အချင်းများ ရှိသင့်သည်၊ ပြည်သူက ဘာကိုကြည့်ပြီး မဲပေးကြမည်ဆိုသည်ကသာ အဓိကကျပေသည်။

မိမိတို့ရွေးချယ်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများ၊ ခေါင်းဆောင်လောင်းများသည် တိုင်းပြည်နှင့်လူမျိုး၏အကျိုးကို ဖြောင့်မတ်မှန်ကန်စွာ သယ်ပိုးနိုင်မည့်သူ ဟုတ်/မဟုတ်၊ တိုင်းပြည်ကို ဦးဆောင်နိုင်မည့် အရည်အချင်းရှိ/မရှိ၊ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိမှုရှိ/မရှိ၊ စစ်မှန်သောနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှိ/မရှိ၊ နိုင်ငံရေးသိက္ခာ သမာဓိ၊ အကျင့်သိက္ခာသမာဓိ ကောင်းမွန်မှု ရှိ/မရှိ၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိ/မရှိ၊ စည်းကမ်းဥပဒေစောင့်ထိန်းမှုရှိ/မရှိ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ အရည်အချင်းကောင်းအတွေ့အကြုံကောင်းများ ရှိ/မရှိ မိမိရွေးချယ်မည့် ကိုယ်စားလှယ်လောင်းသည် လူတော်လော လူရော်လော၊ လူဖြောင့်လော လူကောက်လောစသည်တို့ကို လေ့လာဝေဖန်အကဲဖြတ်၍ လူမှန်နေရာမှန် ရွေးချယ်နိုင်စွမ်းရှိဖို့ကသာ ပို၍အဓိကကျလှပေသည်။

**နိုင်ငံရေးပါတီများ၏ မူဝါဒများ**

ဒီမိုကရေစီနိုင်ငံကြီးများမှ မဲဆန္ဒရှင်အများစုမှာမူ တိုင်းရေးပြည်မှုများကို ဦးဆောင်ဦးရွက်ပြုစီမံခန့်ခွဲကြမည့်ပုဂ္ဂိုလ်များသည် သာမန်လူအဆင့်ထက် ပို၍မြင့်မားသော ကိုယ်ရည်ကိုယ်သွေးရှိသူများဖြစ်ရမည်ဟု အကဲဖြတ်ပြီး ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်အရွေးခံကြသည့် နိုင်ငံရေးပါတီများ၏ မူဝါဒများအပြင် ကိုယ်စားလှယ်လောင်း၊ အမတ်လောင်းများ၏ ကိုယ်ရည်ကိုယ်သွေးကိုပါ တတ်နိုင်သမျှ လေ့လာအကဲဖြတ်၍ မူနှင့်လူကို ညှိကာ မဲပေးတတ်ကြသည်။ အချို့မဲဆန္ဒရှင်များကမူ နိုင်ငံရေးပါတီ မူဝါဒထက် အမတ်လောင်း၏ အရည်အချင်းကိုကြည့်ပြီး ဆုံးဖြတ်ခြင်းက ဒီမိုကရေစီနည်းကျသည်ဟု ယုံကြည်ကြသည်။ အချို့ကား နိုင်ငံရေးပါတီကိုကြည့်ပြီး မဲပေးခြင်း၊ မပေးခြင်းထက် မိမိတို့မဲဆန္ဒနယ်က အမတ်လောင်းကိုကြိုက်ခြင်း၊ မကြိုက်ခြင်းက အဓိကပိုကျသည်ဟု ယူဆကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် တိုင်းပြည်၏ အကောင်းအဆိုးသည် နိုင်ငံရေးသမားများ၏ လက်ထဲတွင် ရှိနေ၍ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားများ၊ ဆင်ခြင်တုံတရားပြည့်ဝ၍ အမြော်အမြင်ကြီးမားသော တိုင်းပြုပြည်ပြု နိုင်ငံရေးသုခမိန်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် ကောင်းမွန်သည့် နိုင်ငံရေးရေခံမြေခံရှိဖို့ လိုသည်။ နိုင်ငံရေးရေခံမြေခံကောင်းမွန်ရေးအတွက် နိုင်ငံရေးလောကအရည်အသွေးကို မြှင့်တင်တည်ဆောက်ကြရပေမည်။

ထို့အတူ မဲဆန္ဒရှင် ပြည်သူလူထုအနေဖြင့်လည်း တိုင်းရေးပြည်မှုများကို ပြည်သူ့ကိုယ်စားစီမံခန့်ခွဲဆောင်ရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ရာတွင် ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိဟူသည့် အဂတိတရားကင်းကင်းဖြင့် လူတော်လူကောင်းများကို လူမှန်နေရာမှန် ရွေးချယ်တတ်ဖို့ လိုသည်။ ထိုသို့ ရွေးချယ်နိုင်ရေးအတွက် နိုင်ငံရေးအသိပညာဗဟုသုတကြွယ်ဝဖို့ လိုအပ်ပေသည်။ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာရေးတို့သည် ထိုနိုင်ငံ၏ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် များစွာတည်မှီလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

# အတားအဆီးမဲ့သွားလာနိုင်သောခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာထွေးအောင်သည် ယနေ့နံနက်ပိုင်းတွင် အတားအဆီးမဲ့သွားလာနိုင်သောခရီးသွားလုပ်ငန်း(Barrier Free Tourism) အကောင်အထည်အဖော်ဆောင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ရုံးခွဲတာဝန်ခံများကို ဝန်ကြီးဌာန နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။




**ဖန်တီးဖော်ဆောင်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်မှုပေးရသောလုပ်ငန်းဖြစ်ပြီး လူတို့၏ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လှုပ်ရှားသွားလာမှုများအပေါ်အခြေခံကာ ခရီးသွားလုပ်ငန်းအမျိုးအစားများစွာ သတ်မှတ်ဖော်ထုတ်လျက်ရှိကြောင်း၊ အလားတူ ခရီးသွားဧည့်သည်အမျိုးအစားများတွင်လည်း ခရီးသွားလာရန်အခက်အခဲရှိသည့် မသန်စွမ်းသူများပါ သွားလာလည်ပတ်နေလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်စာရင်းများအရ ကမ္ဘာပေါ်တွင် မသန်စွမ်းသူဦးရေ တစ်ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မသန်စွမ်းသူ ဦးရေမှာ ၂ ဒသမ ၄ သန်းရှိသည်ကို သိရှိရကြောင်း၊ သို့ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသော ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ရာတွင် တည်းခိုနေထိုင်ရေးကအစ အဆင်ပြေလွယ်ကူချောမွေ့စေသော ခရီးသွားဝန်းကျင်ကောင်းများကို ဖန်တီးဖော်ဆောင်ပေးသွားရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မသန်စွမ်း ခရီးသွားဧည့်သည်များအတွက် အတားအဆီးဟုဆိုရာတွင် ယေဘုယျအားဖြင့် ပို့ဆောင်ရေးဆိုင်ရာအတားအဆီးများ၊ ဗိသုကာဆိုင်ရာ အတားအဆီးများ၊ အဆောက်အအုံဆိုင်ရာ အတားအဆီးများဟု ခွဲခြားသတ်မှတ်ထားရှိကြောင်း၊ မသန်စွမ်းသူများအနေဖြင့် ထိုအတားအဆီးများကိုအတတ်နိုင်ဆုံး လွယ်ကူချောမွေ့စွာဖြတ်ကျော်ပြီး သွားလာနေထိုင်နိုင်ရန် ယခုအစည်းအဝေးတွင် နယ်ရုံးခွဲများအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခရီးစဉ်ဒေသများအလိုက် အတားအဆီးမဲ့သွားလာနိုင်သော ခရီးသွားလုပ်ငန်း(Barrier Free Tourism)စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် လွယ်ကူချောမွေ့စွာသွားလာနိုင်သော ခရီးသွားလုပ်ငန်း (Accessible Tourism) တွင် လုပ်ဆောင်သင့်သောအချက်များ ရေးဆွဲထုတ်ပြန်ထားရှိသည့်အပြင် ဝန်ကြီးဌာနက ရေးဆွဲထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပင်မစီမံကိန်းတွင်လည်း ခရီးသွားလုပ်ငန်း၌ ကိုယ်အင်္ဂါမသန်စွမ်းသူများအား အထောက်အကူဖြစ်စေရေးနည်းလမ်းများကို ထည့်သွင်းရေးဆွဲထားသောကြောင့် ထိရောက်သော အကောင်အထည်ဖော်မှုများ လုပ်ဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အွန်လိုင်းမှ တက်ရောက်လာကြသော နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ရုံးခွဲတာဝန်ခံများက မသန်စွမ်းခရီးသွားဧည့်သည်များအတွက် အတားအဆီးမဲ့သွားလာနိုင်သော ခရီးသွားလုပ်ငန်း(Barrier Free Tourism)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရီးသွားဧည့်သည်များ လည်ပတ်သောနေရာများ၊ လေဆိပ်များ၊ ဟိုတယ်/မိုတယ်များနှင့် ခရီးစဉ်ဒေသများအလိုက် မသန်စွမ်းခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာတည်းခိုလည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ဦးစားပေးဆောင်ရွက်မည့် အစီအစဉ်များကို ကဏ္ဍအလိုက်တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မရမ်းကုန်းမြို့နယ်အတွင်း သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဒွေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက် ၆ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် ၁၀ ရပ်ကွက် ချမ်းမြေ့ရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော် သံဃာတော်များ၊ ယောဂီသူတော်စင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် နဝကမ္မအလှူတော်ငွေတို့ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်နှင့် ပါရမီလမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာ မြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ မြောင်းများအတွင်းမှ အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းခြင်း၊ စကြံများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်များသိမ်းဆည်းခြင်း ဆောင်ရွက်နေမှု၊ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် ပါရမီလမ်းပေါ်ရှိ အင်းလျားကန် ရေဝင်ပေါက်ရေမြောင်းနှင့် ရေစစ်ကန် ပြန်လည်ပြုပြင်တည်ဆောက်ထားမှု၊ ရေစစ်ကန်အတွင်းမှ သဲမြေများ၊ နုန်းများနှင့်အမှိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ ရေစစ်ကန် သုံးကန်အကြား ရေဝင်ပေါက်မြောင်းတစ်လျှောက် ဝဲ၊ ယာ သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရေမြောင်းဝဲ၊ ယာ မြေယာရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေစစ်ကန်အတွင်း ရေများပိုမိုသန့်ရှင်းကြည်လင်စေရေးဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း သစ်ရွက်ဆွေးမှ EM ဘိုကာရှီမြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ သဘာဝမြေဩဇာကို ဈေးနှုန်းသက်သာစွာဖြင့် လုံလောက်စွာ ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်မြေဩဇာအစားထိုး EM ဘိုကာရှီမြေဩဇာထုတ်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နံ့ရုံဆေးရေးမင်စာသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၄**

နံ့ရုံဆေးရေးမင်စာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီဆောင်ရှိ စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစိန်ဝင်း၊ ဘာသာရပ်ဌာနများမှ ပါမောက္ခ/ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နံ့ရုံဆေးရေးမင်စာများသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရာတွင် အဓိကအရေးပါသော ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်ကြောင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများ၊ စာပေပညာရှင်များ၊ ဝါသနာရှင်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သည့် နံ့ရုံဆေးရေးမင်စာအကြောင်း သိရှိစေရန်၊ ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် ကျောက်စာ၊ နံ့ရုံပန်းချီတို့၏ အရေးအသားများသိရှိစေရန်နှင့် အနုပညာလက်ရာများသိရှိစေရန်၊ လေ့လာသိရှိရသော အနုလက်ရာများကို သုတေသနပြုပြီး မျိုးဆက်သစ်အနုပညာရှင်များအား လက်ဆင့်ကမ်းသင်ကြားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီး ဦးစိန်ဝင်းက နံ့ရုံဆေးရေးပန်းချီနှင့် မင်စာများကို သိရှိနိုင်စေရန်အတွက် ပထမဦးစွာ ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ အမရပူရ၊ ရတနာပုံ ခေတ်အဆက်ဆက်ကျောက်စာ အရေးအသားများကို သိရှိရန် လိုအပ်ကြောင်းနှင့် ရေးသားနည်းပြောင်းလဲလာပုံများကို ပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကို မေ ၄ ရက်မှ ၆ ရက်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စာကြည့်တိုက်ခန်းမတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ တက္ကသိုလ်ရှိဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေကြောင်း/လေကြောင်းမှတစ်ဆင့် တင်သွင်း/တင်ပို့မည့် ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သော (၉.၄.၂၀၂၂)၊ (၁၁.၄.၂၀၂၂) နှင့် (၁၂.၄.၂၀၂၂) ရက်နေ့တို့တွင် Overtime ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ထို့အပြင် အရေးပေါ်ကိုဗစ်ဆေးနှင့် ကုန်ပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက ရုံးချုပ်တွင် အသင့်စုဖွဲ့ထားသောအဖွဲ့ဖြင့် သင်္ကြန်အကြိုနေ့ (၁၃.၄.၂၀၂၂) ရက်နေ့မှ သင်္ကြန်အကြတ်နေ့ (၁၅.၄.၂၀၂၂)ရက်နေ့အထိ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် ရှင်းလင်းထုတ်ယူလိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်များ ပေးဆောင်ရန်အတွက် Deposit ငွေလုံလုံလောက်လောက်ထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်မှုအား (၈.၄.၂၀၂၂)ရက်နေ့ (၁၄:၀၀)အချိန်ထက် နောက်မကျဘဲ ညွှန်ကြားရေးမှူး(ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)နှင့် ညွှန်ကြားရေးမှူး(ကာကွယ်ရေးဌာနခွဲ)တို့ထံ လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ ကုန်ပစ္စည်းများထုတ်ယူရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(က) ညွှန်ကြားရေးမှူး(ထုတ်/သွင်း) - ၀၉၅၀၇၅၆၅၈
(ခ) ညွှန်ကြားရေးမှူး(ကာကွယ်ရေး) - ၀၉၅၀၆၆၅၆၉
(ဂ) ဒုတိယညွှန်ကြားရေးမှူး(ထုတ်/သွင်း) - ၀၉၇၈၅၀၅၅၄၅၆
(ဃ) ဒုတိယညွှန်ကြားရေးမှူး(ကာကွယ်ရေး) - ၀၉၂၅၀၀၆၃၂၀၃
(င) ဒုတိယညွှန်ကြားရေးမှူး(လေဆိပ်) - ၀၉၂၀၃၁၆၇၁

**အကောက်ခွန်ဦးစီးဌာန**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတို့အား အတည်ပြုထုတ်ပြန်

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မတ်လ ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ်၊ ၅ ဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေအားလည်းကောင်း၊ မတ်လ ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ်၊ ၆ ဖြင့် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအားလည်းကောင်း၊ မတ်လ ၃၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ်၊ ၂၁ ဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေအားလည်းကောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေများသည် ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

❂ ကျောဖုံးမှ

တရားမဝင်လှုပ်ရှားမှုများကို ထောက်ခံ၍ ရန်ပုံငွေထောက်ပံ့ခဲ့သည့်အတွက် ထိန်းသိမ်းခံထားရသူဖြစ်သည်။ အလားတူ အချို့သော ပုဂ္ဂိုလ်များကို ရွှေ့ပြောင်းသွားလာသူများအရေးဆောင်ရွက်သူများဟု ဖော်ပြထားသော်လည်း ၎င်းတို့မှာ လက်နက် ခဲယမ်းများလက်ဝယ်တွေ့ရှိခြင်းကြောင့် ဖမ်းဆီးခံရသူများဖြစ်သည်။ အစီရင်ခံစာပါအချို့သော အချက်များကို နောက်ပိုင်းတွင် ပြင်ဆင်ဖော်ပြခဲ့သော်လည်း၊ မမှန်ကန်သည့်အချက်အလက်များအပေါ်အခြေခံ၍ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရေး ဆုံးဖြတ်ချက်မှာမူ ပြောင်းလဲမှုမရှိခဲ့ပါ။

မြန်မာနိုင်ငံသည် Convention No. 87 အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၎င်းတို့၏ အခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးခြင်း သို့မဟုတ် အလုပ်သမားသမဂ္ဂများတွင် ကိုယ်စားပြု ပါဝင်ခြင်းတို့ကြောင့် အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၈၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၆၂ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၆ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ၉ ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၁ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့၊ စုစုပေါင်း အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်း (၃၀၀၀) ကျော်တို့ မှတ်ပုံတင်ထားရှိသည်။ ၎င်းအဖွဲ့အစည်းများတွင် အလုပ်သမား(၁၉၀,၀၀၀) ကျော်အနေဖြင့် အလုပ်သမားအခွင့်အရေးများကို ဥပဒေအရသာမက လက်တွေ့တွင်ပါ ခံစားကျင့်သုံးလျက်ရှိသည်။ သို့ဖြစ်ရာ ဥပဒေပိုင်းဆိုင်ရာ ချိုးဖောက်မှုများကြောင့် လူပုဂ္ဂိုလ်အနည်းငယ်အပေါ် အရေးယူဆောင်ရွက်ခဲ့ခြင်းကို မြန်မာနိုင်ငံအနေဖြင့် Convention No. 87 ပါ ဝတ္တရားများကို ချိုးဖောက်လျက်ရှိသည်ဟု ခြုံငုံပြောဆိုခြင်းသည် လျော်ကန်မှုမရှိပါ။

ထို့အပြင် အခမ့်ခိုင်းစေမှုပပျောက်ရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ၌ ၂၀၀၂ ခုနှစ်မှစတင်၍ ILO ဆက်သွယ်ရေးအရာရှိတစ်ဦးအား MoU လက်မှတ်ရေးထိုး ခန့်အပ်ထားရှိ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် တိုင်ကြားမှုယန္တရားတစ်ရပ်ထူထောင်ရန် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလျက် ၃၁-၁၂-၂၀၁၈ ရက်ထိ နှစ်စဉ်သက်တမ်းတိုးဆောင်ရွက်ခဲ့သည်။ ၂၁-၉-၂၀၁၈ ရက်တွင် ILO နှင့် လက်မှတ်ရေးထိုးခဲ့သော Decent Work Country Program (DWCP) (၂၀၁၈-၂၀၂၁) ဆိုင်ရာ နားလည်မှု စာချွန်လွှာအရ ၃-၂-၂၀၂၀ ရက်တွင် အမျိုးသားအဆင့် အခမ့်ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားကို ထူထောင်၍ အခမ့်ခိုင်းစေမှုပပျောက်ရေးနှင့် ပတ်သက်သည့် တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် Convention No. 29 အပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ILO ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ တိုင်ကြားချက် လက်ခံရရှိခဲ့ခြင်းမရှိပါ။

ILO ၏ အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးက စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်၊ ဇွန်လမှစတင်၍ ILO ၏ အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးများနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတို့သို့ မြန်မာနိုင်ငံပါဝင်တက်ရောက်ခွင့်ကို ငြင်းပယ်ခဲ့သည်။ ယခုကဲ့သို့ သက်ဆိုင်ရာနိုင်ငံ၏ မျက်ကွယ်တွင် ယင်းသို့တစ်ဖက်သတ် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းသည် ILO ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းတို့နှင့် ဆန့်ကျင်နေသည်။

အထက်ပါအကြောင်းခြင်းရာများကြောင့် ILO ညွှန်ကြားရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာပါ မဟုတ်မမှန်သည့် စွပ်စွဲချက်များနှင့် မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ILO အုပ်ချုပ်မှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

**အလုပ်သမားဝန်ကြီးဌာန**

**၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်။**

## နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ တိကျစွာလိုက်နာဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၄

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မေ ၃ ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) နှင့်စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ တိကျစွာလိုက်နာ ဆောင်ရွက်ရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီက ကျင်းပသည်။

### ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်း၍(AD) လိုင်စင်ရဘဏ်များက ဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဘဏ်များအနေဖြင့် အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် မလိုလားအပ်သော ကိစ္စရပ်များ၊ ပျက်ကွက်မှုများ၊ ချိုးဖောက်မှုများ မဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

### ရှင်းလင်းဖြေကြား

ထို့နောက် ဘဏ်များမှ မရှင်းလင်းသည့်အချက်များအား မေးမြန်းဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး မူဝါဒဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။



အဆိုပါဆွေးနွေးပွဲသို့မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ် (၄၄) ဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နေပြည်တော်အတွင်း နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးမည့် စီမံချက်နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၄**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးမည့် စီမံချက်နှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က တောင်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့်ကိုက်ညီသော သီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်၊ ဒေသဆီဖူလုံမှုကို တိုးတက်ခိုင်မာစေပြီး ပိုလျှံသော ထုတ်ကုန်များ တင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများ တိုးတက်လာစေရန်၊ နေကြာသီးထပ်၊ သီးညှပ်တိုးတက်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်စေပြီး မြေဆီလွှာထိန်းသိမ်းမှုကို အထောက်အကူပြုရန်၊ ဒေသတွင်း သီးနှံစုံစိုက်ပျိုးခြင်းဖြင့် ပိုးမွှားရောဂါကျရောက်မှုနည်းပါးစေပြီး ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုလျော့ချကာ အန္တရာယ်ကင်းသော စားသောက်ကုန်များ တိုးတက်ထုတ်လုပ်လာနိုင်စေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ယခင်နှစ်က နေကြာကို ၁၉၄၁ ဧက စိုက်ပျိုးခဲ့ပြီး ၂၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် နေကြာသီးနှံကို ၉၆၂၉ ဧက တိုးချဲ့စိုက်ပျိုးသွားမည်ဟု သိရပါကြောင်း၊ နေပြည်တော်တွင် နေကြာစိုက်ပျိုးမှုကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးမည့်ကိစ္စ၊ နေကြာသီးနှံစိုက်ပျိုးမှု အခြေအနေ၊ ဆီထွက်သီးနှံများ အပါအဝင် စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ပျားဖြင့် ဝတ်မှုန်ကူးဆောင်ရွက်ခြင်း၊ ရေပေးဝေရေးလုပ်ငန်း၊ ထွန်ယက်ခြင်းလုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**လားရှိုး မေ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၂) ရပ်ကွက် ဟက်ကာလမ်းသွယ် ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲကို မေ ၃ ရက် နံနက် ၉ နာရီက အဆိုပါလမ်း၌ ကျင်းပသည်။

ဟတ်ကာလမ်းသွယ် ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသစ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။



ဟတ်ကာလမ်းသွယ် ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသည် အရှည် ပေ ၇၆၀၊ အကျယ် ၁၈ ပေရှိသည်။

ထို့နောက် လားရှိုးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က အားကစားနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်သည်။**(အပေါ်ပုံ)**

ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထက်အောင်က လူငယ်နှင့် လွန်စွာအကျိုးများ ကာယပညာနှင့် အားကစား၊ အားကစားအကျိုးကျေးဇူးဖြင့် ဗလငါးတန်ဖွံ့ဖြိုးရခြင်း၊ Mobile Network လွန်ကဲစွာသုံးစွဲခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် လျော့ကျစေရန် အားကစားဖြင့် အခြေခံ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဟန်က လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က စိတ်ဓာတ်ကောင်းမွန်ရေးနှင့် စည်းကမ်းလိုက်နာရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်းနှင့် ကရာတေးဒို အားကစားနည်းများဖြင့် သရုပ်ပြကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ပိတောက်မျှော်တမ်းချင်း

❖ တစ်ခက် နှစ်ခက် ရွှေရည်စွက်လျက်<br>ဖျန်းပက် ဖြိုးမောက် ပန်းပိတောက်။

❖ လမ်းတစ်လျှောက်မှာ<br>ပန်းပိတောက်ဖြာ<br>လွမ်းလောက်စရာ ရှုခင်းသာ။

❖ ပိတောက်ပျော်ရွှင် နွေပူပြင်ဟာ<br>ရေစင်နှယ် အေး ပန်းနှယ် မွှေးတဲ့<br>ချိုတေးသံစည် လှပန်းချီ။

❖ သြော် . . ပိတောက် ပိတောက် လို့<br>ပြောရလောက်အောင်<br>ကြိုင်လှောက်ပွင့်လန်း စွဲလမ်းနှစ်သက်<br>ပွေ့ဖက်ဆင်မြန်း အတာပန်း။

❖ (အို . . ပိတောက်ငဲ့)<br>နှစ်ဦးမင်္ဂလာ ဒီအတာလည်း<br>လှိုက်လှဲပျူငှာ ဖိတ်ခေါ်ပါသည်<br>ရောက်လေရာက အမြန်လာပါ<br>ပိတောက်ဝေဆာမှ သကြံန်အတာ။ ။

မျိုးမြတ်မြတ်မြင့်မောင်

**အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

## သဲကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး

**သဲကုန်း မေ ၄**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသိပညာပေးဟောပြောပွဲကို သက်ဆိုင်ရာဌာနများက မေ ၃ ရက်တွင် ကွေ့တက်ကျေးရွာနှင့် လင်းလဲကျေးရွာတို့တွင် ကျေးရွာတောင်သူများထံအရောက် ကွင်းဆင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယဉ်ထွေးက ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေးများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူတစ်ဦးချင်းစီ၏ ဝင်ငွေ တိုးတက်မြင့်မားလာစေရေး လိုအပ်သည်များအား ဖြည့်ဆည်းညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်တို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင့်သူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်း၊ သဲကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသူနှင့် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းချိုတို့က အသိပညာပေးဟောပြောကြသည်။

ထို့နောက်ဒေသခံတောင်သူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၏ (ဘွဲ့ကြို)သင်တန်းများဖွင့်လှစ်မည့် ကြေညာချက်

ရက်စွဲ၊ ၄-၅-၂၀၂၂

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၌ အောက်ဖော်ပြပါသင်တန်းများကို ယှဉ်တွဲဖော်ပြပါနေ့ရက်များတွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ တက္ကသိုလ်သို့သတ်မှတ်ကာလအတွင်း သတင်းပေးပို့နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတက္ကသိုလ်များ၏ Facebook Page, Website တို့တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ တက္ကသိုလ်များသို့ တိုက်ရိုက်စုံစမ်းမေးမြန်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) ဆေးတက္ကသိုလ်များ

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် | သတင်းပေးပို့နိုင်သည့်ကာလ |
|---|---|---|---|
| ၁ | တတိယနှစ်အမ်ဘီဘီအက်စ်(၅/၂၀၂၂)အတန်းသစ် | ၁၂-၅-၂၀၂၂ | ၂-၅-၂၀၂၂ မှ ၁၁-၅-၂၀၂၂ ထိ |
| ၂ | ဒုတိယနှစ်အမ်ဘီဘီအက်စ်(၁၂/၂၀၁၉)(ပုံမှန်)သင်တန်း | ၁၂-၅-၂၀၂၂ | |
| ၃ | ဆေးပညာအခြေခံနှစ်(၁၂/၂၀၁၉)(ပုံမှန်)သင်တန်း | ၁၈-၄-၂၀၂၂ | ၅-၄-၂၀၂၂ မှ ၆-၅-၂၀၂၂ ထိ |

(ခ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် | သတင်းပေးပို့နိုင်သည့်ကာလ |
|---|---|---|---|
| ၁ | ဒုတိယနှစ်ဘီဒီအက်စ်(၁၂/၂၀၁၉)(ပုံမှန်)သင်တန်း | ၁၂-၅-၂၀၂၂ | ၂-၅-၂၀၂၂ မှ ၁၁-၅-၂၀၂၂ ထိ |
| ၂ | ပထမနှစ်ဘီဒီအက်စ်(၁၂/၂၀၁၉)(ပုံမှန်)သင်တန်း | ၁၈-၄-၂၀၂၂ | ၅-၄-၂၀၂၂ မှ ၆-၅-၂၀၂၂ ထိ |
| ၃ | သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာပထမနှစ် (၁/၂၀၂၀) သင်တန်း | ၁၈-၄-၂၀၂၂ | |

(ဂ) ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် | သတင်းပေးပို့နိုင်သည့်ကာလ |
|---|---|---|---|
| ၁ | ဒုတိယနှစ်(၁၂/၂၀၁၉)(ပုံမှန်)သင်တန်း | ၁၂-၅-၂၀၂၂ | ၂-၅-၂၀၂၂ မှ ၁၁-၅-၂၀၂၂ ထိ |
| ၂ | ပထမနှစ်(၁၂/၂၀၁၉)(ပုံမှန်)သင်တန်း | ၁၈-၄-၂၀၂၂ | ၅-၄-၂၀၂၂ မှ ၆-၅-၂၀၂၂ ထိ |

(ဃ) တိုင်းရင်းဆေးတက္ကသိုလ်

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် | သတင်းပေးပို့နိုင်သည့်ကာလ |
|---|---|---|---|
| ၁ | ဒုတိယနှစ်(၁/၂၀၂၀)(ပုံမှန်)သင်တန်း | ၁၂-၅-၂၀၂၂ | ၂-၅-၂၀၂၂ မှ ၁၁-၅-၂၀၂၂ ထိ |
| ၂ | ပထမနှစ်(၁/၂၀၂၀)(ပုံမှန်)သင်တန်း | ၁၈-၄-၂၀၂၂ | ၅-၄-၂၀၂၂ မှ ၆-၅-၂၀၂၂ ထိ |

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၇၄၆ ဦးရှိ

နေပြည်တော် မေ ၄

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၇၄၆ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် ပြည်တွင်း၌ စာစစ်ဌာန ၁၂၃၂ ခု စာစစ်ဌာန စုစုပေါင်း ၁၂၅၂ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၄၁ ဦးရှိပြီး စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၇၄၆ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

အခြေခံပညာဦးစီးဌာန

၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခရိုင်/ မြို့နယ်/ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဓာတုဗေဒ ရက်စွဲ၊ ၄-၅-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန အရေအတွက် | စာရင်းသွင်းဦးရေ (စာရင်းရှိ) | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | | |
| ၁ | ကချင် | ၄ | ၁၆ | ၄၇ | ၅၈၃၉ | ၃၈၀၃ | ၉၆၄၂ | ၅၆၁၃ | ၃၁၃၀ | ၈၇၄၃ | ၂၂၆ | ၆၇၃ | ၈၉၉ | ၉၀.၆၈% | |
| ၂ | ကယား | ၂ | ၄ | ၄ | ၂၆၃ | ၂၃၀ | ၄၉၃ | ၂၁၃ | ၁၅၄ | ၃၆၇ | ၅၀ | ၇၆ | ၁၂၆ | ၇၄.၄၄% | |
| ၃ | ကရင် | ၂ | ၇ | ၂၈ | ၃၈၄၀ | ၁၂၀၈ | ၅၀၄၈ | ၃၅၇၈ | ၁၀၀၂ | ၄၅၈၀ | ၂၆၂ | ၂၀၆ | ၄၆၈ | ၉၀.၇၃% | |
| ၄ | ချင်း | ၂ | ၅ | ၉ | ၄၈၇ | ၁၀၂၈ | ၁၅၁၅ | ၄၀၅ | ၇၁၅ | ၁၁၂၀ | ၈၂ | ၃၁၃ | ၃၉၅ | ၇၃.၉၃% | |
| ၅ | စစ်ကိုင်း | ၈ | ၃၄ | ၆၉ | ၆၄၀၆ | ၄၀၁၉ | ၁၀၄၂၅ | ၅၆၁၆ | ၂၈၄၆ | ၈၄၆၂ | ၇၉၀ | ၁၁၇၃ | ၁၉၆၃ | ၈၁.၁၇% | |
| ၆ | တနင်္သာရီ | ၃ | ၁၀ | ၂၈ | ၂၈၇၁ | ၁၅၀၄ | ၄၃၇၅ | ၂၇၄၁ | ၁၂၅၆ | ၃၉၉၇ | ၁၃၀ | ၂၄၈ | ၃၇၈ | ၉၁.၃၆% | |
| ၇ | ပဲခူး(အရှေ့) | ၂ | ၁၄ | ၆၃ | ၁၁၂၈၆ | ၄၁၁၅ | ၁၅၄၀၁ | ၁၀၆၉၈ | ၃၂၇၆ | ၁၃၉၇၄ | ၅၈၈ | ၈၃၉ | ၁၄၂၇ | ၉၀.၇၃% | |
| ၈ | ပဲခူး(အနောက်) | ၂ | ၁၄ | ၅၆ | ၇၄၈၃ | ၃၄၀၄ | ၁၀၈၈၇ | ၇၁၅၉ | ၂၇၈၄ | ၉၉၄၃ | ၃၂၄ | ၆၂၀ | ၉၄၄ | ၉၁.၃၃% | |
| ၉ | မကွေး | ၅ | ၂၄ | ၈၁ | ၁၁၅၆၂ | ၇၅၁၀ | ၁၉၀၇၂ | ၁၀၇၁၉ | ၅၉၁၃ | ၁၆၆၃၂ | ၈၄၃ | ၁၅၉၇ | ၂၄၄၀ | ၈၇.၂၁% | |
| ၁၀ | မန္တလေး | ၇ | ၂၈ | ၁၃၉ | ၂၁၇၈၉ | ၁၂၅၄၇ | ၃၄၃၃၆ | ၂၀၅၁၁ | ၁၀၃၃၅ | ၃၀၈၄၆ | ၁၂၇၈ | ၂၂၁၂ | ၃၄၉၀ | ၈၉.၈၄% | |
| ၁၁ | မွန် | ၂ | ၁၀ | ၄၆ | ၈၅၀၂ | ၂၅၁၈ | ၁၁၀၂၀ | ၈၂၂၈ | ၂၀၄၃ | ၁၀၂၇၁ | ၂၇၄ | ၄၇၅ | ၇၄၉ | ၉၃.၂၀% | |
| ၁၂ | ရခိုင် | ၅ | ၁၇ | ၁၂၈ | ၁၈၇၇၂ | ၁၈၃၇၉ | ၃၇၁၅၁ | ၁၈၂၈၆ | ၁၅၇၀၄ | ၃၃၉၉၀ | ၄၈၆ | ၂၆၇၅ | ၃၁၆၁ | ၉၁.၄၉% | |
| ၁၃ | ရန်ကုန် | ၄ | ၄၄ | ၁၀၅ | ၂၀၂၈၅ | ၁၃၈၅၈ | ၃၄၁၄၃ | ၁၉၀၇၅ | ၁၁၂၅၃ | ၃၀၃၂၈ | ၁၂၁၀ | ၂၆၀၅ | ၃၈၁၅ | ၈၈.၈၃% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၂၀ | ၈၉ | ၁၀၅၆၈ | ၄၉၁၈ | ၁၅၄၈၆ | ၁၀၀၈၄ | ၄၀၅၅ | ၁၄၁၃၉ | ၄၈၄ | ၈၆၃ | ၁၃၄၇ | ၉၁.၃၀% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၆ | ၂၆ | ၃၇၀၇ | ၁၉၇၇ | ၅၆၈၄ | ၃၅၂၉ | ၁၆၁၁ | ၅၁၄၀ | ၁၇၈ | ၃၆၆ | ၅၄၄ | ၉၀.၄၃% | |
| ၁၆ | ရှမ်း(အရှေ့) | ၃ | ၁၀ | ၁၇ | ၁၃၆၉ | ၁၁၂၂ | ၂၄၉၁ | ၁၃၁၇ | ၉၀၆ | ၂၂၂၃ | ၅၂ | ၂၁၆ | ၂၆၈ | ၈၉.၂၄% | |
| ၁၇ | ဧရာဝတီ | ၆ | ၂၆ | ၂၄၅ | ၁၄၆၇၀ | ၅၉၃၉ | ၂၀၆၀၉ | ၁၄၁၇၈ | ၄၉၉၃ | ၁၉၁၇၁ | ၄၉၂ | ၉၄၆ | ၁၄၃၈ | ၉၃.၀၂% | |
| ၁၈ | နေပြည်တော် | ၂ | ၈ | ၁၂ | ၉၁၇၄ | ၅၃၄၆ | ၁၄၅၂၀ | ၈၈၈၅ | ၄၆၇၅ | ၁၃၅၆၀ | ၂၈၉ | ၆၇၁ | ၉၆၀ | ၉၃.၃၉% | |
| ၁၉ | နိုင်ငံခြား | ၀ | ၀ | ၂၀ | | ၃၃ | ၃၃ | | ၃၀ | ၃၀ | ၀ | ၃ | ၃ | ၉၀.၉၁% | |
| | ပြည်ထောင်စုချုပ် | ၆၈ | ၃၀၇ | ၁၂၅၂ | ၁၅၈၉၇၃ | ၉၃၄၆၈ | ၂၅၂၄၄၁ | ၁၅၀၉၄၅ | ၇၆၈၀၁ | ၂၂၇၇၄၆ | ၈၀၂၈ | ၁၆၆၆၇ | ၂၄၆၉၅ | ၉၀.၂၂% | |

မှတ်ချက်။ ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၁၊ ၅၊ ၆၊ ၇၊ ၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၂၊ ၃၊ ၄) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

စာမေးပွဲကျင်းပသည့်မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# နိုင်ငံတစ်ဝန်း၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(စတုတ္ထနေ့)တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုမှု မြင်ကွင်း

နေပြည်တော် မေ ၄

နိုင်ငံတစ်ဝန်း၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(စတုတ္ထနေ့)ကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ စနစ်တကျကျင်းပလျက်ရှိရာ ယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၇၄၆ ဦး(၉၀ ဒသမ ၂၂ )ရာခိုင်နှုန်းရှိကြောင်းသိရပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုမှု မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်-


ဆီဆိုင်မြို့နယ်
မျိုးမြတ်(ဆီဆိုင်)


မဘိမ်းမြို့နယ်
မျိုးမင်း(ပြန်/ဆက်)


ချောင်းဆုံမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုင်းဖြတ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပုဗ္ဗသီရိမြို့
မြို့နယ်(ပြန်/ဆက်)


တောင်ငူမြို့နယ်
ခရိုင်(ပြန်/ဆက်)


တပ်ကုန်းမြို့နယ်
တင်စိုးလွင်


တောင်ဖြူလက်ဝဲမြို့
တောင်ဖြူ(ပြန်/ဆက်)


တိုက်ကြီးမြို့နယ်
ဉာဏ်ဟိန်း

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၄၅ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၃၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၀၄,၉၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၁,၉၂၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၀,၁၉၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၃) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။**
- **နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။**
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့်ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၆၈) ခု | (၁၉) ဦး |
| နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၇) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၃) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၇၁) ခု | (၁) ဦး |
| နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၀၃) ခု | (၆) ဦး |
| နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၃၄၀) ခု | (၂၀) ဦး |
| စုစုပေါင်း | (၁၁,၃၄၅) ခု | (၅၁) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၈၃၂၆၁၂ | ၆၅၆၇၆၅၁၄ | ၁၀၀၈၁၉၈ |
| ၂။ | အိန္ဒိယ | ၄၃၀၂၉၀၄၄ | ၄၂၄၉၅၀၈၉ | ၅၂၁၃၈၈ |
| ၃။ | ဘရာဇီး | ၂၉၉၉၉၈၁၆ | ၂၈၇၈၄၉၂၈ | ၆၆၀၂၆၉ |
| ၄။ | ပြင်သစ် | ၂၅၉၉၇၈၅၂ | ၂၃၃၉၀၄၉၁ | ၁၄၂၅၀၆ |
| ၅။ | ဂျာမနီ | ၂၁၆၄၆၃၇၅ | ၁၇၁၅၆၆၀၀ | ၁၃၀၅၆၃ |
| ၆။ | ဗြိတိန် | ၂၁၂၁၆၈၇၄ | ၁၉၀၇၅၇၀၃ | ၁၆၅၅၇၀ |
| ၇။ | ရုရှား | ၁၇၉၁၂၁၅၇ | ၁၆၉၉၇၈၇၇ | ၃၆၉၉၉၅ |
| ၈။ | တူရကီ | ၁၄၈၉၄၇၃၁ | ၁၄၅၇၀၅၂၁ | ၉၈၁၅၇ |
| ၉။ | အီတလီ | ၁၄၈၄၅၈၁၅ | ၁၃၄၀၂၀၁၅ | ၁၅၉၇၈၄ |
| ၁၀။ | တောင်ကိုရီးယား | ၁၄၀၀၁၄၀၆ | စိစစ်ဆဲ | ၁၇၄၅၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၉၈၆၇၀၄၅ | ၇၈၄၃၈၃၅ | ၄၂၆၄၂ |
| ၂။ | အင်ဒိုနီးရှား | ၆၀၂၁၆၄၂ | ၅၇၇၆၀၅၈ | ၁၅၅၃၄၉ |
| ၃။ | မလေးရှား | ၄၂၄၆၄၆၇ | ၄၀၁၈၄၂၁ | ၃၅၀၉၉ |
| ၄။ | ထိုင်း | ၃၇၃၆၄၈၇ | ၃၄၅၄၃၀၈ | ၂၅၁၁၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၇၉၇၆၁ | ၃၅၈၅၅၉၇ | ၅၉၃၆၅ |
| ၆။ | စင်ကာပူ | ၁၁၀၉၇၄၄ | ၁၀၃၆၉၃၂ | ၁၂၇၆ |
| ၇။ | မြန်မာ | ၆၁၁၉၂၆ | ၅၉၀၁၉၂ | ၁၉၄၃၃ |
| ၈။ | လာအို | ၁၈၄၅၉၈ | ၁၅၁၁၆၃ | ၆၈၂ |
| ၉။ | ဘရူနိုင်း | ၁၃၆၃၇၄ | ၁၃၂၇၂၁ | ၂၁၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၅၇၈၂ | ၁၃၂၂၀၁ | ၃၀၅၄ |

## လှိုင်မြို့နယ်၌ နွေရာသီအခြေခံအေရိုးဗစ် သင်တန်းဖွင့်ပွဲကျင်းပ

လှိုင် မေ ၄

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီအခြေခံအေရိုးဗစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ရဲအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးမျိုးမင်းသန်းက ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ ကျန်းမာရေးအထောက်အကူပြုစေရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်လာစေရန်၊ စုပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များဖြစ်ပေါ်လာစေရန်၊ လူထုလှုပ်ရှားမှုအသိပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် အားကစားသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနည်းပြက ကျောင်းသားကျောင်းသူများအား အေရိုးဗစ်လေ့ကျင့်ခန်းများကို သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။ နွေရာသီအခြေခံအေရိုးဗစ်သင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် မေ ၄ ရက်မှ ၆ ရက်အထိ သင်တန်းနည်းပြတစ်ဦး၊ ကျောင်းသားကျောင်းသူ ၂၅ ဦးတို့ဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ရဲအောင်(ပြန်/ဆက်)



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၃၄ သန်းကျော် ရှိလာ



**အဒစ်အဘာဘာ မေ ၄**

အာဖရိကတိုက်၌ မေ ၃ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၃၄၃၄၆၁ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၁၂၉၇ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၆၉၇၅၀၂ ဦးရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၇၂၂၀၆၅ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၆၃၀၁၂ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၃၈၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၄**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၃၈၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၂၄၆၄၆၇ ဦးရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၁၉၁၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၄၆၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀ ထပ်မံတွေ့ရှိခြင်းကြောင့်အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၀၉၉ ဦးရှိလာကြောင်း သိရသည်။



မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၀၆၃၅ ဦး ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၀၁၈၄၂၁ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၁၉၂၉၄၇ ဦး ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၇၉ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၈ ဒသမ ၅ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# အီရန်နျူကလီးယားဆွေးနွေးပွဲ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး စေ့စပ်ညှိနှိုင်းရန် ကိစ္စအချို့ကျန်ရှိနေ

**တီဟီရန် မေ ၄**

အီရန်နျူကလီးယားဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး အချိန်နီးကပ်နေပြီဖြစ်သော်လည်း စေ့စပ်ညှိနှိုင်းရန် ကိစ္စအချို့ကျန်ရှိနေသေးကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆာအီခါတီဇာဒက်က ယနေ့ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမည့် ရပ်တည်ချက်ကို ဥရောပသမဂ္ဂ၏ အီရန်နျူကလီးယားဆွေးနွေးပွဲဆိုင်ရာ ညှိနှိုင်းရေးမှူး အန်ရီကူမိုရာထံမှတစ်ဆင့် အမေရိကန်နိုင်ငံအား အသိပေးထားပြီးဖြစ်သော်လည်း အမေရိကန်ဘက်မှ ဆုံးဖြတ်ချက်အား မသိရှိရသေးကြောင်း ၎င်းကပြောကြားသည်။ အီရန်နိုင်ငံအား နျူကလီးယားဆိုင်ရာညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် စီးပွားရေးအကျိုးအမြတ်များရရှိမည်ကို အမေရိကန်က မလိုလားကြောင်း ၎င်းကပြောကြားသည်။

အီရန်နိုင်ငံသည် ယနေ့ပြုလုပ်သည့် နျူကလီးယားဆွေးနွေးပွဲအတွင်း ညှိနှိုင်းရန်ကျန်ရှိနေသေးသည့်အချက်များနှင့်ပတ်သက်၍ အမေရိကန်ထံ တောင်းဆိုချက်များ ပေးပို့ထားပြီး အဆိုပါတောင်းဆိုချက်များအား စေ့စပ်ညှိနှိုင်းအဖြေရှာရေးမှာ အမေရိကန်၏ တာဝန်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အန်မာ အဗ္ဗဒိုလာဟင်က ပြောကြားသည်။ အီရန်နှင့် အနောက်အုပ်စုနိုင်ငံများအကြား ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် နျူကလီးယားအရေး သဘောတူညီချက်များရရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်သမ္မတဟောင်း ထရမ့်က အဆိုပါသဘောတူညီချက်မှ နုတ်ထွက်ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ခဲ့သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းနှစ်သောင်းကျော် ထပ်မံတွေ့ရှိ

**ဆိုးလ် မေ ၄**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၇၁၉၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၇၀၀၁၇၀၆ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မေ ၄ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၇၄၅၃ ဦးရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**အပိုဆောင်းထိုးနှံပေးပြီးဖြစ်**

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၈၆ ဒသမ ၇ ရာခိုင်နှုန်း သို့မဟုတ် ၄၄၄၉၈၆၇၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၂၈၀၆၁၁၃ ဦး သို့မဟုတ် နိုင်ငံ့လူဦးရေ၏ ၆၃ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# သီတင်းတစ်ပတ်အတွင်း ဗြိတိန်နိုင်ငံသား ငါးသန်းနီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**လန်ဒန် မေ ၄**

ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စံချိန်တင်မြင့်တက်ခဲ့ကြောင်း အစိုးရစာရင်းအင်းဆိုင်ရာအေဂျင်စီမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ဗြိတိန်နိုင်ငံတွင် သီတင်းတစ်ပတ်အတွင်း နိုင်ငံသား ၄ ဒသမ ၉ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး ယင်းကဲ့သို့ ရောဂါကူးစက်မှုများ မြင့်တက်လာရခြင်းမှာ နိုင်ငံအတွင်း ဘီအေ-၂ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လာရခြင်း၏ အခြားအကြောင်းရင်းတစ်ရပ်မှာ ဗြိတိန်အစိုးရက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါရှိ မရှိစစ်ဆေးရာတွင်လည်း အခကြေးငွေ ပေးနေရသောကြောင့် နိုင်ငံသားများအတွက် ဝန်ထုပ်ဝန်ပိုးများဖြစ်လာကြောင်း သိရသည်။ ဗြိတိန်အစိုးရ၏ ကိုဗစ်-၁၉ ဆိုင်ရာလုပ်ငန်းစဉ်တွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ အခမဲ့စစ်ဆေးခြင်း၊ သီးခြားစောင့်ကြည့်မှုခံယူစေခြင်းနှင့် ရောဂါရှာဖွေဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်မှု မပြုတော့သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို မြင့်တက်လာစေကြောင်း လိဒ်တက္ကသိုလ် ဆေးပညာဆိုင်ရာကျောင်းမှ တွဲဖက်ပါမောက္ခ စတီဗင် ဂရီဖင်က ပြောကြားသည်။




ယခုကဲ့သို့ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားလာခြင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၏ အစွမ်းထက်ထိရောက်မှုကို စိန်ခေါ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် အိပ်စ်အီးဟုအမည်ရသော ဗီဇပြောင်းဗိုင်းရပ်စ်တစ်မျိုးကို တွေ့ရှိနေရပြီး ထိုဗီဇပြောင်းဗိုင်းရပ်စ်သည် ဘီအေ-၂ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ်ထက် ရောဂါကူးစက်မှုတွင် ၁၀ ရာခိုင်နှုန်း ပိုမိုကြောင်း သိရသည်။

**ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၇၁၇ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၄။** ။ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၇၁၇ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၄၈၇၁၅ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၈၆၇၀၄၅ ဦးရှိကြောင်းနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၆၄၂ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၇၈၄၃၈၃၅ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၇၉ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၀၆ ဒသမ ၆ သန်းခန့်အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၈၉ ဒသမ ၄ သန်း ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

## “မြန်မာသက္ကရာဇ် ၁၃၈၃-၁၃၈၄ ခုနှစ် တန်ခူးလဆန်း(၁၃)ရက်နေ့မှ တန်ခူးလဆုတ်(၁) ရက်နေ့အထိ (၂၀၂၂ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ”

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(၁) မူးယစ်သောက်စားယာဉ်မမောင်းရ၊

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ၊

( ၃ ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ၊

( ၄ ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ၊

( ၅ ) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ၊

( ၆ ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ၊

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ၊

( ၈ ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ၊

( ၉ ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ၊

(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ၊

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ၊

(၁၂) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ၊

( ခ ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်၊

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

( င ) ယခုအခါ အချက်အချာကျသော လမ်းဆုံလမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(စ) “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့





ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးတွင် မီးရှို့ဖျက်ဆီးခံထားရသော မော်တော်ယာဉ်များကို တွေ့ရစဉ်။

## ကော့ကရိတ်မြို့နယ် တောနော်ရေတံခွန်အနီး၌ အကြမ်းဖက်အဖွဲ့များက မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောနော်ရေတံခွန်၏ အရှေ့မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာနေရာ၌ ကုန်တင်ယာဉ်များအား မီးရှို့ထားကြောင်းနှင့် ယာဉ်များ ပိတ်ဆို့နေကြောင်း သတင်းအရ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခန့်တွင် သွားရောက်၍ လုံခြုံရေးလုပ်ငန်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပုံမှန်သွားလာနိုင်ရေး ဆောင်ရွက်ပေးစဉ် တောနော်ရေတံခွန်၏ အရှေ့တောင်ဘက် မီတာ ၉၀၀ ခန့်အကွာနေရာမှ KKO ခွဲထွက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၂၀ ခန့်က လက်ဖြောင့်သေနတ်များအပါအဝင် လက်နက်ကြီး/လက်နက်ငယ်များဖြင့် ချောင်းမြောင်းနှောင့်ယှက်ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်နေရာတစ်ဝိုက်အား ရှာဖွေမှုများပြုလုပ်ရာ အဆိုပါနေရာ၌ ခြောက်ဘီးယာဉ် တစ်စီး၊ ၁၂ ဘီးယာဉ် တစ်စီး၊ ၂၂ ဘီးယာဉ် တစ်စီး၊ ခရီးသည်တင်မှန်လုံယာဉ် တစ်စီး၊ NISSAN အမျိုးအစား CARAVAN တစ်စီး စုစုပေါင်း မော်တော်ယာဉ် ငါးစီး မီးလောင်ပျက်စီးလျက် ရှိသည်ကို တွေ့ရသည်။

အဆိုပါမော်တော်ယာဉ်များ မီးလောင်ပျက်စီးမှုကြောင့် လမ်းပိတ်ဆို့နေသည့် မော်တော်ယာဉ် အစီး ၃၀ အား လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိရသဖြင့် မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ရေးအတွက် လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့သဖြင့် မွန်းလွဲ ၃ နာရီခန့်တွင် ယာဉ်ကြီး/ယာဉ်ငယ်များသည် မြဝတီမြို့သို့ စတင်ထွက်ခွာနိုင်ခဲ့ကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “ ဆူးကြားက ဘူးခါး (သို့မဟုတ်) EPC ” ခေါင်းစဉ်ဖြင့် ၆-၄-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။

အလားတူလာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “မွန်ပြည်နယ်ရှိ အများပြည်သူသွားလာအသုံးပြုနေသော သံဘောင်ဘေလီတံတားတစ်စင်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု” နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်


MRTV

mitv

07:01 Migadawon (Tekkatho Lei Lei)
07:09 Paper Products… Plain but Pretty
07:31 Talking Shwe Thway (Children Journal)
07:42 Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
08:01 Introductory Programme of Literary Award Winners (U Ye Dway)
08:24 Great Shwedagon - The Prayer Halls And Buddha Images (Part-1)
08:50 Yangon Markets: Nyaung Pin Lay Market
09:01 News
09:27 Global Partnership for Brighter Future: Grenda Pavilion at Expo 2020 Dubai
09:33 Thingyan Songs & Dances
09:46 Buddha Image Built Of Bamboo Strip

MRTV

MRTV

MRTV

MRTV

Sports News
Soccer View/ Weekly Sports Info

Education Channel

# ဝက်လက်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်အား လက်လုပ်မိုင်း လေးလုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် သံဃာတော် တစ်ပါး၊ ယာဉ်မောင်း တစ်ဦးနှင့် ယာဉ်နောက်လိုက် တစ်ဦးတို့ ဒဏ်ရာရရှိ

**နေပြည်တော် မေ ၄**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် ယနေ့ မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာနှင့် မဲကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၅၃ မိုင် သုည ဖာလုံ)နှင့် (၁ ဖာလုံကြား)၌ ရန်ကုန်မြို့မှ ကျွန်းလှမြို့သို့ ရွှေဘိုမြို့ (၁)ရပ်ကွက်နေ ယာဉ်မောင်းဖြစ်သူ ဦးဇော်ဝင်း (၄၄)နှစ် (ဘ) ဦးမြင့်သိန်း မောင်းနှင်ပြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နေ ယာဉ်နောက်လိုက်ဖြစ်သူ ဦးစတီး(ခ)စိုးခိုင် (၃၀)နှစ်၊ (ဘ) ဦးစိုးသင်းနှင့် ခရီးသည် ၃၈ ဦး လိုက်ပါလာသည့် SGG-3H/7458 "ဝင်းသစ္စာ" ခရီးသည်တင်ယာဉ်အား PDF အမည်ခံအကြမ်းဖက်အဖွဲ့က လမ်း၏ ဝဲ/ယာဘက်မှ လက်လုပ်မိုင်း လေးလုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သောကြောင့် ယာဉ်ပေါ်ပါ ခရီးသည်ရွှေဘိုမြို့နယ်သရက်ပင်ဝန်းကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဥူးဇာဂရ သက်တော် (၄၀)နှစ် ဝါတော် (၂၀)ဝါတွင် ဝဲလက်မောင်း မိုင်းစထိမှန်ဒဏ်ရာ၊ ယာဉ်မောင်း ဦးဇော်ဝင်းတွင် လည်ပင်းပွန်းပဲ့ဒဏ်ရာ၊ ယာဉ်နောက်လိုက် ဦးစတီး(ခ) စိုးခိုင်တွင် ယာဘက်မျက်လုံး မှန်စဝင်ဒဏ်ရာ၊ ဝဲမျက်ခုံးပြတ်ရှဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး မော်တော်ယာဉ်၏ လေကာမှန်များနှင့် ကိုယ်ထည်တို့တွင် မိုင်းစထိမှန် ပျက်စီးခဲ့သည်။

ထိုကဲ့သို့ ခရီးသည်များလိုက်ပါလာသည့် မော်တော်ယာဉ်အား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ အပူတပြင်းလိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာနေ သက်ဖြိုးဦး(ခ)ရွှေကရင်သည် ၎င်းအသုံးပြုသည့် "သက်ဖြိုးဦး" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ မိုးမိုးထွေး(ခ) မိုးငယ်သည် ၎င်းအသုံးပြုသည့် "Min Tha Khin" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

❋ **ပုံနှိပ်သူများမှ**

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း။

၂။ သို့ဖြစ်ပါ၍ ပုံနှိပ်သူများ၊ ထုတ်ဝေသူများအနေဖြင့် အထက်ပါ စည်းကမ်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ အောင်မင်္ဂလာကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပညာရာမိကကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာဝိပဿနာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ **PDF အမည်ခံမှ**

ပညာရေးနှောင့်နှေးခဲ့ရမှုအပေါ် နိုင်ငံတော် အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှ ကုစားဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ၂၀၂၁ ခုနှစ် နွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ ထို့ပြင် အခြေခံပညာရေးမှ အဆင့်မြင့် ပညာရေးသို့ တက်ရောက်ရန် အရေးပါသည့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ရေး ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမ၊ မိဘများနှင့် နိုင်ငံတော်အစိုးရတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မျိုးဆက်သစ် လူငယ်များ၏ အနာဂတ်ဘဝကို ဖျက်လိုဖျက်ဆီးသည့်စိတ်၊ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဟန့်တားလိုသည့် စိတ်များဖြင့် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာကျောင်းများအား လက်လုပ်မိုင်းများဖြင့် နှောင့်ယှက်ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

ယင်းသို့ ပြုလုပ်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ ညောင်လွန့် အခြေခံပညာအထက်တန်းကျောင်းအနီး၌လည်းကောင်း၊ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ ကံပေါက်ကျေးရွာရှိ ကံပေါက်အခြေခံပညာအထက်တန်းကျောင်း အနီး၌လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနီး၌ လည်းကောင်း NUG၊ PDF အမည်ခံ အကြမ်းဖက် သမားများက လက်လုပ်မိုင်းများဖြင့် နှောင့်ယှက်ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အထက်ပါ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သူများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက တာဝန်သိ ပြည်သူများနှင့် ပူးပေါင်း၍ ရှာဖွေဖော်ထုတ် ချေမှုန်း သုတ်သင်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး၍ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။



တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။

# ကမ္ဘာတစ်ခု ကျန်းမာမှု

**– – – သမားအို – – –**

တကယ်တော့ မြန်မာနိုင်ငံနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization-WHO) တို့ဟာ ဖွားဖက်တော်တွေပါပဲ။ ၁၉၄၈ ခုနှစ်မှာ အတူတူဖြစ်တည်လာခဲ့ကြပါတယ်။ ဒ့ါအပြင် WHO ရယ်လို့ ပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် မြန်မာနိုင်ငံအစိုးရက အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါတယ်။ WHO ရဲ့ ဝါအရင့်ဆုံးအဖွဲ့ဝင်ထဲမှာ မြန်မာနိုင်ငံလည်းပါပါတယ်။

**နှစ်ပေါင်းခုနစ်ဆယ်ကျော်**

သူ့ကျွန်ဘဝကနေ ကြုံးရုန်းထရင်း ဒုတိယကမ္ဘာစစ်အတွင်းမှာ ဘယ်ပြန်ညာပြန် အကန်ခံရတဲ့ဘောလုံးလို ခံစားလာရပြီးမှ ဂိုးပေါက်တည့်သွားသလို လွတ်လပ်ရေးရခဲ့တာမို့ ဖွားဖက်တော် WHO နဲ့ ဘဝချင်းမတူခဲ့ပါဘူး။ ဒါပေမဲ့ နှစ်ပေါင်းခုနစ်ဆယ်ကျော် မပြတ်မစဲ လက်တွဲအလုပ်လုပ်ခဲ့ကြတဲ့ သံယောဇဉ်တွေတော့ ရှိနေခဲ့ပါတယ်။

ကမ္ဘာ့အသင်းမှာ တာဝန်ယူနေတဲ့ WHO ရဲ့ အကြံပြုချက်တွေကို အမြဲမသွေ လေးစားလိုက်နာ အကောင်အထည်ဖော်ခဲ့တာကတော့ မြန်မာနိုင်ငံရဲ့အစိုးရ အဆက်ဆက်ပါ။ အဓိကယူပေးရတာကတော့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနပဲဖြစ်ပါတယ်။

ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေမှာ မြန်မာ့ကျန်းမာရေးဝန်ထမ်းတွေဟာ WHO နဲ့ တွဲဖက်အလုပ်လုပ်ခဲ့ရာမှာ ကျောက်ရောဂါပပျောက်ရေးလုပ်ငန်းဟာ သမိုင်းမှတ်တိုင်တစ်ခုပါပဲ။ အခုခေတ်လူငယ်တွေ လုံးဝမကြားမသိလောက်အောင် ကျောက်ရောဂါ (Smallpox) ကို ကမ္ဘာပေါ်က အပြီးတိုင်ဖြိုခွင်းလိုက်ပြီဖြစ်ပါတယ်။ ပိုလီယို၊ အနာကြီး၊ ငှက်ဖျား၊ တီဘီ စတဲ့ ကူးစက်ရောဂါဆိုးတွေကိုလည်း အင်အားရှိသမျှနဲ့ တိုက်ထုတ်နေကြတာတော့ မပြီးမပြတ်သေးပါဘူး။

အိုင်အိုဒင်းဓာတ်ချို့တဲ့ပြီး လည်ပင်းကြီးရောဂါ၊ ဉာဏ်ရည်ချို့တဲ့ရောဂါတွေလို မကူးစက်တတ်တဲ့ရောဂါတွေကိုလည်း မြန်မာ့ကျန်းမာရေးဝန်ထမ်းတွေဟာ ကမ္ဘာနဲ့အတူ ရှေ့တန်းက ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ တောင်ပေါ်ဒေသတွေမှာ အဖြစ်များတဲ့ လည်ပင်းကြီးရောဂါဆိုရင်လည်း အခုဆိုရင်အတော်လေး လျော့ပါးသွားပြီးဖြစ်ပါတယ်။ (ဒါတောင်မှ မြန်မာနိုင်ငံကို အိုင်အိုဒင်းဖြည့်ဆားခတ်ဖို့အတွက် အိုင်အိုဒင်းတင်ပို့ခွင့်ကို ပိတ်ပင်တာ ခံခဲ့ရပါသေးတယ်။)

တောင်ပေါ်ဒေသ၊ ဝေးလံခေါင်းပါးတဲ့ဒေသတွေအရောက် အိုင်အိုဒင်းဓာတ်ဖြည့်ထားတဲ့ဆားတွေကို လုံလောက်အောင် ပို့ပေးတဲ့သူတွေက ပို့ပေး၊ လက်ခံစားသုံးလာအောင် အသိပညာပေးတဲ့သူတွေက ပေးနဲ့ တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြရာမှာ WHO နဲ့အတူ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ကလည်း ကူညီပါဝင်ပေးခဲ့ကြပါတယ်။ ရှေ့ဆက်တိုးတက်ပြီး ရောဂါကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေမှာလည်း အဲဒီအဖွဲ့တွေနဲ့အတူ ဆောင်ရွက်ခဲ့ကြပါတယ်။

> **ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းတွေမှာ မြန်မာ့ကျန်းမာရေး ဝန်ထမ်းတွေဟာ WHO နဲ့ တွဲဖက်အလုပ်လုပ်ခဲ့ရာမှာ ကျောက်ရောဂါပပျောက်ရေးလုပ်ငန်းဟာ သမိုင်းမှတ်တိုင်တစ်ခုပါပဲ။ အခုခေတ်လူငယ်တွေ လုံးဝမကြားမသိလောက်အောင် ကျောက်ရောဂါ (Smallpox)ကို ကမ္ဘာပေါ်က အပြီးတိုင်ဖြိုခွင်းလိုက်ပြီဖြစ်ပါတယ်။ ပိုလီယို၊ အနာကြီး၊ ငှက်ဖျား၊ တီဘီ စတဲ့ ကူးစက်ရောဂါဆိုးတွေကိုလည်း အင်အားရှိသမျှနဲ့ တိုက်ထုတ်နေကြတာတော့ မပြီးမပြတ်သေးပါဘူး။ အိုင်အိုဒင်းဓာတ်ချို့တဲ့ပြီး လည်ပင်းကြီးရောဂါ၊ ဉာဏ်ရည်ချို့တဲ့ရောဂါတွေလို မကူးစက်တတ်တဲ့ရောဂါတွေကိုလည်း မြန်မာ့ကျန်းမာရေးဝန်ထမ်းတွေဟာ ကမ္ဘာနဲ့အတူ ရှေ့တန်းက ပါဝင်ဆောင်ရွက်ခဲ့**

မြန်မာ့ကျန်းမာရေး ဌာနအနေနဲ့ ပြည်တွင်းမှာ တာဝန်ကျေကျေဆောင်ရွက်ခဲ့သလို နိုင်ငံတကာအရေးကိစ္စတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ပါသေးတယ်။ အဲဒီအထဲမှာ နိုင်ငံတကာနဲ့အတူ ကမ္ဘာ့မိသားစုပုံစံနဲ့ ဆောင်ရွက်ရတဲ့ "ကမ္ဘာ့ကျန်းမာရေးနေ့" လုပ်ငန်းတွေလည်း ပါပါတယ်။ ပွဲတော်အခမ်းအနားတစ်ခုကို စီစဉ်ရတာမျိုး မကဘဲ စည်းရုံးလှုံ့ဆော်ရေး၊ အသိပညာပေးရေးနဲ့အတူ ချမှတ်ထားတဲ့လုပ်ငန်းဦးတည်ချက်ကို ပီပြင်အောင် ဖော်ဆောင်ဖို့ ဆက်လက်ဆောင်ရွက်ရတာ မသက်သာလှပါဘူး။

**မြန်မာ့ကျန်းမာရေးဝန်ထမ်းတွေ**

နှစ်စဉ်နှစ်တိုင်း ဦးစားပေးခေါင်းစဉ်တစ်ခုကို WHO က ရွေးချယ်သတ်မှတ်ပေးတာကို မြန်မာ့ကျန်းမာရေးဝန်ထမ်းတွေကလည်း ကမ္ဘာနဲ့အတူ မပျက်မကွက် ပါဝင်ဆောင်ရွက်ခဲ့ကြတာ ယနေ့အထိပါပဲ။ လုပ်ချင်တဲ့လုပ်ငန်းတစ်ခုကို အများသိအောင် တက်တက်ကြွကြွ ပါဝင်ပူးပေါင်းလာအောင် စည်းရုံးလှုံ့ဆော်ရတာမို့ တိုင်းပြည်ရဲ့အင်အားနဲ့ညှိပြီး အဆင်အပြေဆုံး အကောင်အထည်ဖော်ခဲ့ကြရပါတယ်။

ဒီနှစ်အတွက် ကမ္ဘာ့ကျန်းမာရေး ဆောင်ပုဒ်ကတော့ အင်္ဂလိပ်လို "Our Planet: Our Health" ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မှီတင်းနေရတဲ့ ကမ္ဘာကြီးက ကျွန်တော်တို့ရဲ့ ကျန်းမာရေးဘဝကို အပြန်အလှန်လွှမ်းမိုးနေတာကို သိစေလိုပါတယ်။ ကမ္ဘာမြေကြီးဟာ လူသားတို့ရဲ့ ဘဝသခင်၊ လူသားတို့ရဲ့အိမ်၊ လူသားတို့ရဲ့ရှင်သန်မှုကို စက္ကန့်မလပ် ပေးဆပ်နေတော့ ကျွန်တော်တို့တစ်တွေ အသိအမှတ်ပြုကြပါရဲ့လား။ ဘာတွေများ ကျေးဇူးဆပ်တဲ့အနေနဲ့ ကမ္ဘာကြီးထံ ပြန်ပေးခဲ့ကြပြီလဲဆိုတာကိုပြန်ပြီးစဉ်းစား၊ ပြုပြင်ဆောင်ရွက်ကြရပါတော့မယ်။

**ကမ္ဘာ့ကျန်းမာရေးနေ့**

ဒီနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ (ဧပြီလ ၇ ရက်) ကို အကြောင်းပြုပြီး စည်းရုံးလှုံ့ဆော်စရာ အကြောင်းအရာသုံးခုကို တင်ပြထားကြပါတယ်။

ပထမဆုံးအလုပ်ကတော့ သန့်ရှင်းတဲ့သောက်ရေသုံးရေ ရရှိဖို့၊ အစားအစာသန့်ရှင်းဖူလုံဖို့နဲ့ လေကောင်းလေသန့် ရရှိဖို့ကိစ္စတွေပဲ ဖြစ်ပါတယ်။ လူတွေသောက်နေသုံးနေရတဲ့ရေတွေ သန့်ရှင်းမှုနည်းလှပါတယ်။ ဒီမသန့်မရှင်းတဲ့ရေကိုပဲ လုံလုံလောက်လောက် ရဖို့အတွက် အနာဂတ်မှာ စိတ်မချရတော့ပါဘူး။ လူတွေအတွက် သောက်သုံးရဖို့ ရေထွက်ပင်ရင်းတွေဟာလည်း ညစ်ညမ်းလာပါတယ်။ သောက်လို့မရတဲ့ ပင်လယ်ရေ၊ သမုဒ္ဒရာရေတွေပါ ပြုပြင်လို့မရအောင် ညစ်ညမ်းနေတဲ့အခြေအနေမှာ ကမ္ဘာကြီးဟာ မကျန်းမမာဖြစ်လာပါတယ်။

မကျန်းမာတဲ့ ကမ္ဘာမြေကြီးက ထုတ်လုပ်ပေးလိုက်တဲ့ အစာအာဟာရတွေဟာလည်း ကျန်းမာရေးအတွက်အထောက်အကူမပြုရုံမက လူသားတွေကို ရောဂါအမျိုးမျိုးရစေတဲ့အတွက် စိတ်ချရတဲ့အစာ (Safe Food) တွေရဖို့ ခက်လာပါတယ်။ အစားအစာဖူလုံရင်ပြီးရောဆိုပြီး ဖြစ်သလိုထုတ်လုပ်လိုက်တဲ့ စားနပ်ရိက္ခာတွေမှာ ရောဂါပိုးတွေ၊ ဗီဇပြောင်းတွေ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေ၊ ဓာတ်မြေဩဇာတွေ၊ ဟောမုန်းဓာတ်တွေ၊ ပဋိဇီဝဆေးတွေ ပါနေပြန်တယ်။

လူသားတွေ ရှူရှိုက်နေရတဲ့လေထုကြီးကလည်း ဘေးအန္တရာယ်ဖြစ်လောက်အောင် ညစ်ညမ်းလာပါတယ်။ နိုင်ငံတိုင်းလိုလိုမှာ လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်ပြီး ရောဂါဖြစ်သေဆုံးမှုတွေ များသထက်များလာပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်လာတဲ့နှစ်နှစ်အတွင်းမှာ လူတွေ အိမ်တွင်းပုန်းနေရတာ များလွန်းလို့ ကမ္ဘာ့နိုင်ငံအချို့မှာ လေထုညစ်ညမ်းမှုတွေ သက်သာသွားတဲ့အကြောင်း သုတေသနပြုထားတာ ရှိပါတယ်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ အစားအစာ မသန့်ရှင်းမှုတွေကို ထပ်ဆင့်ဆိုးရွားစေမှာကတော့ ရာသီဆိုးဖြစ်လာမှု (Climate Crisis)ပဲဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးနေ့က ပေးတဲ့ ဒုတိယအလုပ်ကတော့ စီးပွားရေးကိစ္စပဲဖြစ်ပါတယ်။ "Economics focuses on Health and Well-being" ပဲဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ လူတွေရဲ့ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတွေ ရရှိလာဖို့အတွက် စူးစိုက်ဆောင်ရွက်သင့်တယ်လို့ ဆိုပါတယ်။

**စီးပွားရေးလုပ်ငန်းရှင်တွေ**

ဒီအတွက် စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ သဘောထား (Attitude) တွေဟာ ပြောင်းလဲဖို့လိုလာပါတယ်။ "သူ့အိတ်ကပ်ထဲကပိုက်ဆံ ငါ့ဆီရောက်ဖို့"ဆိုတဲ့ အမြတ်ရရေး ရည်ရွယ်ချက်ထက် မြင့်မားပြီး ထုတ်လုပ်သူနဲ့ စားသုံးသူတို့နှစ်ဦးစလုံး ကျန်းမာချမ်းသာစေမယ့် Win-Win အခြေအနေမျိုးကို ရောက်စေချင်ရင်တော့ ရင်းနှီးမြှုပ်နှံမှုတွေကို ပြုလုပ်ရာမှာ "လူသားတွေ နေကောင်းကြပါစေ" ဆိုတဲ့ စေတနာမေတ္တာလေးထားပေးရင် အကောင်းဆုံးပါပဲ။

"ကမ္ဘာတစ်ခု ကျန်းမာမှု" ကို ရရှိလာစေဖို့အတွက် ဆောင်ရွက်သင့်တဲ့ တတိယလုပ်ငန်းကတော့ ကျန်းမာမှုမြှင့်တင်ရေး (Health Promotion) အတွက် အခြေခံကျတဲ့ အခြေစိုက်လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။

"လူတွေနေပျော်တဲ့မြို့" (Liveable Cities) တွေ ဖန်တီးနိုင်မှ မြို့ကြီးပြကြီးတွေမှာ ဖျက်ဆီးလာတဲ့ကပ်ရောဂါဆိုးတွေ၊ ပျက်စီးလာတဲ့လူမှုဆက်ဆံရေးတွေ၊ လုံခြုံရေးတွေ၊ စားနပ်ရိက္ခာနဲ့ ရေဖူလုံရေးတွေ၊ လေထုမသန့်ရှင်းမှုတွေကအစ မြို့ပြရဲ့ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို တစ်ခုချင်းစပြီး ရှင်းနိုင်ပါလိမ့်မယ်။ ဒီလိုရှင်းနိုင်ဖို့ဆိုရင်တော့ ကျန်းမာမှုမြှင့်တင်ရေးလုပ်ငန်းရဲ့ အခြေခံသဘောတရားဖြစ်တဲ့ "ကိုယ့်ကျန်းမာရေး ကိုယ်ဖန်တီးနိုင်ခွင့်" (Control over their own Health Determinant) ကို တစ်ဦးချင်းရော၊ မိသားစုနဲ့ လူ့အဖွဲ့အစည်းမှာရော ရရှိနိုင်ဖို့ လိုအပ်လာပါတယ်။ ကျန်းမာရေးအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုတွေလည်း ရှိရပါမယ်။

**လူထုအခြေစိုက်လုပ်ငန်းတွေ**

လူသားတို့ရဲ့ ကျန်းမာရေးအတွက် အကျိုးပြုလုပ်ငန်းတွေ လုပ်နိုင်ဖို့ ကျန်းမာရေးထိခိုက်စေမယ့် လုပ်ငန်းတွေကို ထိန်းချုပ်၊ ကန့်သတ်၊ ဖယ်ရှားဖို့လုပ်ငန်းတွေဟာ လူထုအခြေစိုက်လုပ်ငန်းတွေဖြစ်မှသာ ရေရှည်ခံပြီး အောင်မြင်မှုကြီးမားပါလိမ့်မယ်။

ကျန်းမာရေး လုပ်ငန်းတွေကို လူသားတွေအတွက်ပဲ အာရုံစိုက်ပြီး လုပ်ရုံနဲ့ လုံလောက်မှာလား။ မဖြစ်သေးပါဘူး။ လူတို့နေရာ မြေကမ္ဘာရဲ့ကျန်းမာရေးကို လူတွေကမှ ဂရုမစိုက်ရင် နောင်လာနောက်သားတွေ အတွက် တာဝန်မကျေရာကျတော့မယ်။ တာဝန်ကျေချင်ရင်တော့ တစ်ခုတည်းသော ကျန်းမာရေး (One Health) ဆိုတဲ့ တွေးခေါ်ဆောင်ရွက်မှုတွေပြုဖို့ ကုလသမဂ္ဂက တိုက်တွန်းထားပါတယ်။

One Health ဆိုတာကို ဖြစ်ဖို့အတွက် သုံးလွန်းတင်တဲ့ကြိုးလိုပဲ လူတွေရဲ့ကျန်းမာရေး (Human's Health)၊ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေး (Animals' Health) နဲ့အတူ အပင်တွေရဲ့ ကျန်းမာရေး (Plants' Health) ဆိုတဲ့ သုံးမျိုးပေါင်းကျန်းမာရေးကို လုပ်ရပါလိမ့်မယ်။ ဒါမှသာ ကျန်းမာတဲ့ကမ္ဘာကြီးအဖြစ်နဲ့ ရပ်တည်နိုင်လိမ့်မယ်။ ရာသီဆိုးကြီးကိုလည်း ခံနိုင်ရည်ရှိဖို့၊ ရာသီကောင်းဖြစ်အောင်လုပ်ဖို့ အင်အားတွေစုမိလိမ့်မယ်။

အခုအချိန်မှာတော့ "Our planet: Our Health" ဆိုပြီး WHO က စည်းရုံးလှုံ့ဆော်နေပေမယ့် တကယ်အကောင်အထည်ဖော်နိုင်စွမ်း ရှိ၊ မရှိ စိတ်ပူရတယ်။ ဘာကြောင့်လဲဆိုတော့ "ကျန်းမာရေး" ဆိုတာကို အကြောင်းပြပြီး နိုင်ငံရေးကစားပွဲလုပ်နေတဲ့ နေရာတစ်ခုဖြစ်နေတယ်ဆိုတာ အခုကိုဗစ်-၁၉ ကပ်ရောဂါကာလ နှစ်နှစ်တာအတွင်း ပိုပြီးမြင်သာနေတယ်။ WHO က တရုတ်နိုင်ငံအတွက် မျက်နှာသာပေးတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ၂၀၂၀ ပြည့်နှစ်တုန်းက အမေရိကန်နိုင်ငံက နုတ်ထွက်ဖို့ ကြိုးစားပြီး သူတာဝန်ရှိကတိပြုထားတဲ့ ထည့်ဝင်ငွေတွေကိုပါ ရပ်ဆိုင်းခဲ့တယ်။ **စာမျက်နှာ ၁၇ သို့** ❖

# နန်းချိုကြိုးပြင်ကာကွယ်တော အပိုင်း(၃) သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် သစ်တောဥပဒေပုဒ်မ (၆) ပုဒ်မခွဲ(င)အရ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၆၈၉ ဧကရှိသော နယ်မြေကို **“နန်းချိုကြိုးပြင် ကာကွယ်တောအပိုင်း(၃)”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၂) အရ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

နန်းချို ကြိုးပြင်ကာကွယ်တော အပိုင်း (၃)သည် နန်းချိုရေအားလျှပ်စစ် စီမံကိန်း၏ ရေဝေရေလဲဒေသနှင့် ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်း၏ ရေဝေရေလဲဒေသများအား ထိန်းသိမ်းရန်အတွက် လည်းကောင်း၊ ရာသီဥတု ပြောင်းလဲမှုလျော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ မြေဆီလွှာ ထိန်းသိမ်းရေးတို့အတွက် လည်းကောင်း ရည်ရွယ်၍ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။

နန်းချို ကြိုးပြင်ကာကွယ်တော အပိုင်း(၃)အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စသည့် အဖိုးတန်သစ်မျိုးများအပြင် သစ်အယ်၊ သစ်ယား၊ စကားဝါ၊ တောင်တမာ၊ တောင်ပိန္နဲ၊ တောင်မန်ကျည်း၊ တောင်သရက်၊ သင်္ဂဒူ၊ သင်းဝင်၊ လယ်ဇ၊ နှော၊ ဒီဒူး၊ နရွဲ၊ လက်ပံ စသည့် သစ်မျိုးများ ပေါက်ရောက်ခြင်း၊ တောဝက်၊ ချေ၊ ဆတ်၊ မျောက်၊ တောဆိတ်၊ ယုန်၊ ရှဉ့်၊ ရစ်၊ ဘုတ်၊ ခါ၊ ငုံး၊ လင်းယုန်၊ ဇီးကွက်၊ သင်းခွေချပ်၊ စပါးကြီးမြွေ၊ စပါး အုံးမြွေ၊ မြွေဟောက်၊ ငန်းပုပ် စသည့် တိရစ္ဆာန်များ၏ ကျက်စားရာဒေသ ဖြစ်ခြင်း၊ ပေါင်းလောင်းဆည်၏ ရေဝေရေလဲဧရိယာဖြစ်သဖြင့် သစ်တောသယံဇာတများ စနစ်တကျထိန်းသိမ်း စီမံအုပ်ချုပ်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ် ကြေညာခြင်းဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၌ ဌာနတွင်းသုတေသနစာတမ်းဖတ်ပွဲ (၂/၂၀၂၂)ကျင်းပ

**နေပြည်တော် ဧပြီ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနား(၂/၂၀၂၂)ကို ယနေ့နံနက် ၉ နာရီတွင် ယောမင်းကြီးခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူးက သုတေသနစာတမ်းဖတ်ပွဲကျင်းပခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဦးပေါက်ပေါက် (ညွှန်ကြားရေးမှူး -ငြိမ်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)၊ ဒေါက်တာကျော်ဆွေညွန့် (ပါမောက္ခ၊ သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်)နှင့် ဒေါက်တာစန္ဒာလင်း (ပါမောက္ခ၊ ရှေးဟောင်းသုတေသန ပညာဌာန၊ မန္တလေးတက္ကသိုလ်)တို့က ဆောင်ရွက်ပေးသည်။

စာတမ်းရှင်များအနေဖြင့် ဦးကိုကိုနိုင် (ဒုတိယဦးစီးမှူး)က “လောကထိပ်ပန် (ပုဂံ)ဘုရားရှိ နံရံဆေးရေးပန်းချီများမှ မဟာဗုဒ္ဓဝင်(၈)ခန်း လေ့လာချက်” စာတမ်းကိုလည်းကောင်း၊ ဦးကျော်သူ (သုတေသနလက်ထောက်-၃) က “မန္တလေးမြို့ပေါ်ရှိ ကုန်းဘောင်ခေတ် ရှေးဟောင်း သစ်သားဘုန်းကြီးကျောင်း ၁၄ ကျောင်းအား GIS နည်းပညာစနစ်ဖြင့် မြေပုံထုတ်လေ့လာချက်” စာတမ်းကိုလည်းကောင်း၊ ဒေါ်မျိုးမျိုးသောင်း (လက်ထောက် ညွှန်ကြားရေးမှူး)က “ပညာတော်သင် လူငယ်များအမှုတော်ထမ်းရွက်မှု အခြေအနေတင်ပြခြင်း” စာတမ်းကိုလည်းကောင်း၊ ဒေါ်စန်းစန်းပြုံး (ဦးစီးအရာရှိ)က “ရွှေနန်းတော်ကျောင်း (မန္တလေး)ရှိ ပန်းပုလက်ရာများ လေ့လာချက်” စာတမ်းကိုလည်းကောင်း၊ ဒေါ်အိသန္တာ(ဦးစီးအရာရှိ)က “ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ပြတိုက်ပညာပေးရေးကဏ္ဍ လေ့လာချက်” စာတမ်းကိုလည်းကောင်း၊ ဒေါ်စုလှိုင်ဌေး (ဦးစီးအရာရှိ)က “မန္တလေးမြို့ မဟာမုနိ နံရံဆေးရေး ပန်းချီလေ့လာချက်” စာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့ကြသည်။



ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က တက်ရောက်လာသော သဘာပတိများနှင့် စာတမ်းရှင်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ဖြေဆို

**နေပြည်တော် ဧပြီ ၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ယင်းသို့ စာမေးပွဲဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၃၁ ရက်တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆို၍ ယနေ့တွင် ဓာတုဗေဒဘာသာရပ် ဖြေဆိုခြင်းဖြစ်ပြီး ဧပြီ ၅ ရက် အင်္ဂါနေ့တွင် ရူပဗေဒ၊ ဧပြီ ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ဇီဝဗေဒ/ ဘောဂဗေဒ၊ ဧပြီ ၇ ရက် ကြာသပတေးနေ့တွင် ပထဝီဝင်၊ ဧပြီ ၈ ရက် သောကြာနေ့တွင် သမိုင်း၊ ဧပြီ ၉ ရက် စနေနေ့တွင် စိတ်ကြိုက်မြန်မာစာ စသည်ဖြင့် ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၇၇၄၆ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၆ မှ

ဒါမျိုးက အခုမှဖြစ်တာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်က ကျွန်တော် WHO ရဲ့ (၃၅) ကြိမ်မြောက် အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ တက်ခဲ့ရတာပါ။ ခေါင်းစဉ်ကတော့ ကျန်းမာရေးပညာလုပ်ငန်း (Health Education) အတွက်ဖြစ်ပေမယ့် နိုင်ငံစုံတက်တဲ့ အစည်းအဝေးထဲမှာ အစ္စရေးနိုင်ငံကို ပါလက်စတိုင်းကိစ္စအတွက် ပြစ်တင်ရှုတ်ချဖို့ မဲဆန္ဒခံယူပွဲ လုပ်ခဲ့ကြတယ်။ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် လူများရင် နိုင်မှဖြစ်မယ်ဆိုတဲ့ စိတ်ကူးမျိုးနဲ့ နိုင်ငံရေးပလက်ဖောင်း ဖန်တီးခဲ့တယ်။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကတော့ နိုင်ငံတော်ရဲ့ မူဝါဒအတိုင်း ကြားနေရေးမူဝါဒကို ခိုင်ခိုင်မြဲမြဲ ကိုင်စွဲခဲ့တာ အမှတ်ရပါတယ်။

အခုလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြီးထဲမှာကို နိုင်ငံရေးအသွင်ဖြစ်လာအောင်လုပ်ခြင်း (Politicizing)နဲ့ ဘက်လိုက်ခြင်းတွေကို ပေါ်ပေါ်ထင်ထင်ပြုလုပ်ပြီး အင်အားနည်းတဲ့ နိုင်ငံငယ်တွေကို လိုအပ်တဲ့ကူညီမှုတွေ မပေးတာတွေကို တွေ့နေရပါတယ်။ အထူးသဖြင့် ကာကွယ်ဆေးဖြန့်ဖြူးရေးအစီအစဉ် (COVAX) ကိစ္စတွေမှာ နှောင့်နှေးပြီး ငွေရှိတဲ့သူတွေက သိမ်းကျုံးဝယ်ထားကြတယ်။ နှစ်ကြိမ်ကနေ လေးကြိမ်အထိ ကိုယ့်လူကိုယ်ထိုးပေးနေချိန်မှာ တစ်ကြိမ်မှတောင် ကာကွယ်ဆေး အထိုးမခံရတဲ့ ကမ္ဘာ့လူသားတွေ များစွာရှိနေပါတယ်။

IHR လို့ခေါ်တဲ့ International Health Registration ကိုလည်း ဂရုမစိုက်ဘဲ ကြိုက်သလိုလုပ်နေတဲ့နိုင်ငံကြီးတွေနဲ့ သူတို့နိုင်ငံတွေထဲက နိုင်ငံကြီးသားမပီသတဲ့ နိုင်ငံသားတွေကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ သက်ဆိုးရှည်နေတာကို ပညာရှင်တွေက ပြောလာကြပါတယ်။

ပြီးခဲ့တဲ့အပတ်က ဥရောပမှာ ကိုဗစ်-၁၉ လူနာသစ်ပေါင်း ၅ ဒသမ ၁ သန်းတွေ့ခဲ့ပြီး လူပေါင်း ၁၂၄၉၆ ဦး သေခဲ့တာဟာ ဒီကိစ္စကြောင့်ပဲလို့ WHO က ပြောလာပါတယ်။

WHO ကတော့ ကမ္ဘာကြီးရဲ့ ကျန်းမာရေးအတွက် စိုးရိမ်နေတယ်။

ကျွန်တော်တို့ကလည်း ကမ္ဘာကြီးရဲ့ ကျန်းမာရေးနဲ့အတူ WHO ရဲ့ ကျန်းမာရေးကိုလည်း အထူးပဲစိုးရိမ်ပါတယ်။ ။

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

(ယခင်အပတ်မှအဆက်)

"ဒီအတိုင်းပဲ မာဂဏ္ဍိယ... သင့်ကိုငါက 'အနာကင်းခြင်းဆိုတာ ဤသို့ဖြစ်တယ်။ နိဗ္ဗာန်ဆိုတာ ဤသဘောဖြစ်တယ်'လို့ ပြောပြတဲ့အခါမှာ အနာကင်းခြင်းရဲ့ သဘောအမှန်၊ နိဗ္ဗာန်ရဲ့သဘောအမှန်ကို သင်သိနိုင်တန်ရာပါတယ်။ အနာကင်းခြင်းရဲ့သဘောအမှန်၊ နိဗ္ဗာန်ရဲ့သဘောအမှန်ကို သင်သိမြင်တဲ့ဉာဏ်မျက်စိ ဖြစ်တာနဲ့တစ်ပြိုင်နက် ဥပါဒါနက္ခန္ဓာငါးပါးမှာ တပ်မက်စွဲလမ်းမှု ပျောက်မှာပဲ။ 'ခန္ဓာငါးပါးကို စွဲလမ်းစရာအနေနဲ့ ငါ့စိတ်က ငါ့ကို လှည့်စားခဲ့တယ်။ ငါဟာ ခန္ဓာငါးပါးမှာ စွဲလမ်းတဲ့ ဥပါဒါန်ကြောင့် ဘဝဖြစ်ရတယ်။ ဘဝကြောင့် ဇာတိ ဖြစ်ရတယ်။ ဇာတိကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းတွေ၊ ပူဆွေးသောကရောက်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်းဆိုတဲ့ ဒုက္ခတွေဖြစ်ရတာပဲ'လို့ အမှန်သိမြင်မှု သင့်မှာ ဖြစ်နိုင်ရာပါတယ်"။

"အရှင်ဂေါတမ... အရှင်ဂေါတမဟာ ကျွန်ုပ်ကို ဒီနေရာမှာတွင်ပဲ ဉာဏ်မျက်စိအမြင်ရသွားသူအဖြစ် ရောက်အောင် တရားဟောပြနိုင်တယ်လို့ ယုံကြည်ပါတယ် အရှင်ဂေါတမ"။

"မာဂဏ္ဍိယ... ဒီလိုဆိုရင် သူတော်ကောင်းတွေကို သင်မှီဝဲဆည်းကပ်ပါ။ သူတော်ကောင်းတွေကို မှီဝဲဆည်းကပ်ရင် သူတော်ကောင်းတရားတွေကို သင်ကြားရ၊ နာရမယ်။ သူတော်ကောင်းရဲ့ ဉာဏ်မျက်စိကို ရစေနိုင်တဲ့နည်းလမ်းမှန်ကို လိုက်နာအားထုတ်နိုင်မယ်။ အားထုတ်တဲ့အခါမှာ သင့်ခန္ဓာကိုယ်ကို ဒုက္ခတုံးကြီးအဖြစ် မြင်ပြီး ဒုက္ခသစ္စာကို သိလာလိမ့်မယ်၊ ခန္ဓာငါးပါးကို ဒုက္ခရယ်လို့ သိလာရင် ခန္ဓာငါးပါးမှာ စွဲလမ်းမှု၊ ဥပါဒါန် ကင်းသွားလိမ့်မယ်။ ချုပ်သွားလိမ့်မယ်။ ဥပါဒါန် ချုပ်သွားရင် ဘဝလည်းချုပ်သွားတယ်။ ဘဝတစ်ဖန်ဖြစ်ခြင်း ဇာတိလည်းချုပ်သွားတယ်။ ဇာတိချုပ်ရင် အိုခြင်း၊ သေခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရခြင်း၊ ပြင်းစွာပူပန်ခြင်းစတဲ့ ဒုက္ခတွေ အကုန်ချုပ်ငြိမ်းတယ်လို့ သင်သိလာမယ်။ ဒီလိုသိလာခြင်းဟာ အနာကင်းခြင်းရဲ့ အမှန်သဘာဝကို သိလာခြင်းပဲ။ ဒီလို သိလာခြင်းဟာ ဒုက္ခသစ္စာကိုသိခြင်းပဲ။ ဒီလိုဒုက္ခသစ္စာကို သိရင် ဒုက္ခအလုံးစုံချုပ်တယ်။ ဒီလို ဒုက္ခအလုံးစုံချုပ်တာဟာပဲ နိဗ္ဗာန်ရဲ့ အမှန်သဘာဝဖြစ်တယ်။ ဒီလို နိဗ္ဗာန်သဘာဝအမှန်ကို သိဖို့၊ ရဖို့ အားထုတ်ရတဲ့ကျင့်စဉ်နည်းလမ်းဟာ အမြတ်ဆုံးဖြစ်တဲ့ မဂ္ဂင်လမ်းစဉ်ဖြစ်တယ်ဆိုတာကိုလည်း သင်သိလာမယ် မာဂဏ္ဍိယ..."။

မာဂဏ္ဍိယဟာ ဗုဒ္ဓရဲ့စကားကို နှစ်သက်ခြင်းဖြစ်ပြီးတော့.... "အရှင်ဂေါတမ... အရှင်ဂေါတမရဲ့တရားတော်ဟာ အလွန်နှစ်သက်ဖွယ်ရှိပါပေတယ်။ ဥပမာတင်စားပြီးပြောရရင် မှောက်ထားတဲ့အရာကို လှန်၍ပြလိုက်သလို၊ ဖုံးလွှမ်းထားတဲ့အရာကို ဖွင့်လှစ်ပြလိုက်သလိုရှိပါပေတယ်...... အရှင်ဂေါတမ။ မျက်စိလည် လမ်းမှားနေသူကို လမ်းမှန်ပြလိုက်သလို၊ အမိုက်မှောင်မှာ ဆီးမီးတန်ဆောင်ကို ဆောင်ပြလိုက်သလိုလည်း ရှိပါတယ်။ အရှင်ဂေါတမ... ကျွန်ုပ်ဟာ အရှင်ဂေါတမကို ကိုးကွယ်ဆည်းကပ်ရာအဖြစ် ကိုးကွယ်ဆည်းကပ်ပါတယ်။ အရှင်ဂေါတမရဲ့ ရဟန်းသံဃာ၊ အရှင်ဂေါတမရဲ့ တရားဓမ္မတို့ကိုလည်း ကိုးကွယ်ဆည်းကပ်ရာအဖြစ် ကိုးကွယ်ဆည်းကပ်ပါတယ်။ ကျွန်ုပ်ဟာ အရှင်ဂေါတမထံမှာ ရှင်အဖြစ် ရဟန်းအဖြစ် ရလိုပါတယ်"။

"မာဂဏ္ဍိယ... အမှန်အားဖြင့် ငါရဲ့သာသနာတော်မှအပဖြစ်တဲ့ အယူဝါဒကို လက်ခံယုံကြည်ဖူးတဲ့သူဟာ တကယ်လို့ ငါ့သာသနာမှာ ရှင်အဖြစ်၊ ရဟန်းအဖြစ်ရလိုရင် လေးလမျှဆိုင်းငံ့ရပါတယ်။ ဆိုင်းငံ့နေတဲ့ကာလမှာ ငါ့သာသနာကရဟန်းတော်တွေဟာ သင့်ကို ရဟန်းအဖြစ်ပေးရန် သင့်၊ မသင့် စောင့်ကြည့်ရပါတယ်။ သင့်တော်တယ်လို့ ယုံကြည်မှုရှိလာပြီဆိုရင် ရဟန်းတော်တွေက သင့်ကို ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ပေးကြပါလိမ့်မယ်"။

"အရှင်ဂေါတမ... အရှင်ဂေါတမရဲ့ သာသနာမှာ ရဟန်းအဖြစ်ရမယ်ဆိုပါက လေးလမဟုတ်ပါဘူး။ လေးနှစ်အထိ စောင့်နိုင်ပါတယ်။ လေးနှစ်လွန်တဲ့အခါသာ ကျွန်ုပ်ကို ရဟန်းပြုပေးကြပါစေ....... အရှင်ဂေါတမ"။

မာဂဏ္ဍိယဟာ လေးလအလွန်မှာ ရဟန်းအဖြစ်ကို ရပါတယ်။ ရဟန်းဖြစ်ပြီးတဲ့နောက် ဗုဒ္ဓရဲ့အရိယမဂ်နည်းလမ်းအတိုင်း အားထုတ်တဲ့အတွက် မကြာမြင့်မီမှာပဲ ဉာဏ်မျက်စိဖြစ်ပေါ်ပြီး ရဟန္တာအဖြစ်ကို ရောက်သွားခဲ့ပါတယ်။

ဗုဒ္ဓဝါဒမှာတော့ ဘယ်လိုလှုပ်ရှားခံစားမှုမှမရှိတဲ့ "ပကတိ ငြိမ်းနေတဲ့အဖြစ်"ကို ရခြင်း၊ ရောက်ခြင်းဟာ အောင်နိုင်ခြင်းတကာတို့ထက် မြင့်မြတ်သော အောင်နိုင်ခြင်းမည်ပါတယ်။

ဒီလိုအဖြစ်မျိုးကိုရခြင်း၊ ရောက်ခြင်းကိုပဲ လူ့ဘဝရဲ့ အမြတ်ဆုံးပန်းတိုင်လို့ ဆိုပါတယ်။ ဒီပန်းတိုင်ကိုရောက်ဖို့ သွားရမယ့်လမ်းကတော့ အင်္ဂါရှစ်ပါးရှိတဲ့ "မဂ္ဂင်လမ်း" ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒီလမ်းစဉ်အတိုင်း လုံလောက်တဲ့ဝီရိယ စိုက်ထုတ်ပြီး လှမ်းလျှောက်ရင် တကယ်ပဲ "ပကတိငြိမ်းခြင်း"ဆိုတဲ့ အဆုံးပန်းတိုင်ကို ရောက်နိုင်တယ်ဆိုတဲ့ အာမခံချက်တွေလည်း ပေးထားတာရှိတယ်။ မယုံရင် တကယ်စမ်းသပ်ကြည့်၊ တကယ်လျှောက်လှမ်းကြည့်ဖို့ ဖိတ်ခေါ်ထားချက်တွေလည်းရှိတယ်။ ဒီတော့ "တစ်စုံတစ်ဦးသောသူသည် အကယ်၍ ပကတိငြိမ်းနေသောအဖြစ်ကို ရနိုင်တဲ့အဆုံးပန်းတိုင်ကို ရောက်လိုသည်ဆိုအံ့" အင်္ဂါရှစ်ပါးရှိတဲ့ မဂ္ဂင်လမ်းကို တကယ်တမ်း ကြိုးပမ်းလှမ်းလျှောက်ကြည့်ဖို့လိုမှာ ဖြစ်ပါတယ်။

ဆန္ဒပြင်းထန်သူ ....
စိတ်ဓာတ်ခိုင်ခံ့သူ....
ဝီရိယမြဲမြံသူ.....

အသိအမြင် အဆင်ခြင်ဉာဏ်ရှိသူကို အဘယ်သို့သော အခက်အခဲသည် ဟန့်တားနိုင်အံ့နည်း။ ။

**နန္ဒာသိန်းဇံ**

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**သဘောထားအမြင်များကိုလေးစားပါ**

"လောကသည် မိမိအတွက်မဟုတ်။ မိမိသည်သာ လောကအတွက် ဖြစ်စေရမည်ဟူသော ကောင်းမြတ်သည့်ရည်ရွယ်ချက်ဖြင့် အလုပ်လုပ်သောလူများကို နတ်လူသာခုခေါ်ကြမည်။"

**စာရေးဆရာကြီးဦးရွှေအောင်(၁၉၂၈-၁၉၉၄)**

သဘောထား(Attitude)ဆိုသည်က လွန်စွာအရေးကြီးပေသည်။ သဘောထားအမျိုးမျိုးနှင့် သဘောထားအမြင်အမျိုးမျိုးရှိရာ ပကတိအခြေအနေမှန်ကို သိမြင်ရန်သာအဓိကကျသည်။ ဆန္ဒစွဲ၊ အတ္တစွဲ၊ အုပ်စုစွဲတို့ကို တတ်နိုင်သမျှ မလွန်ကဲအောင် ထိန်းသိမ်းနိုင်သူများသာ အောင်မြင်မှုရရှိကာ ကြီးပွားချမ်းသာနိုင်ကြသည်ဖြစ်သည်။

လူဆိုသည်မှာ ပတ်ဝန်းကျင်၏ အငွေ့အသက်ကို ခံစားရစမြဲပင်၊ ပတ်ဝန်းကျင်၏ စေ့ဆော်မှုတို့ကြောင့် ရည်ရွယ်ချက်ပန်းတိုင်နှင့် ဝေးကွာခဲ့ကြရသည်များလည်းရှိလေရာ အစဉ်သတိရှိရမည်ဖြစ်သည်။

သဘောထားအမြင်များ မည်မျှကွဲပြားစေကာမူ နားလည်မှု၊ သည်းခံမှု၊ ဆင်ခြင်တုံတရားတို့ဖြင့် ပကတိအခြေအနေမှန်ကို ရရှိအောင်၊ စည်းရုံးတည်ဆောက်ကာ လှုပ်ရှားနေသည့် လှိုင်းဂယက်တို့ကို တည်ငြိမ်မှုတစ်စုံတစ်ရာ ရရှိနိုင်အောင် စွမ်းဆောင်နိုင်ခြင်းသည် အောင်မြင်မှု၏တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

ယင်းသို့လုပ်ဆောင်ရာတွင် မိမိ၏ လုပ်ဖော်ကိုင်ဖက်များ၊ မိမိ၏လက်အောက်ငယ်သားများ၏ သဘောထားအမြင်များကို လမ်းဖွင့်ပေးကာ လေးစားတန်ဖိုးထားရမည်။ သို့မှသာ မိမိရည်မှန်းသော ရည်ရွယ်ချက်ပန်းတိုင်ကို ထိရောက်အောင်မြင်မှု ရရှိနိုင်ပေမည်။ စိတ်နေသဘောထားနှင့် သဘောထားအမြင်တို့က တစ်ဦးမှ အနည်း၊ အနည်းမှ အများသို့ ပျံ့နှံ့လွယ်သည်။ သူတစ်ပါးသို့ ပျံ့နှံ့မကူးစက်တတ်သောအခြင်းအရာများလည်းရှိသည်။



၁။ အရည်အချင်း၊

၂။ အတွေ့အကြုံ၊

၃။ လေ့ကျင့်ကြိုးစားလိုစိတ်တို့သည် သူတစ်ပါးသို့ မကူးစက်တတ်သော အခြင်းအရာများဖြစ်သည်။

အရည်အချင်းဟူသည်ကား လူတစ်ဦးမှာ ရှိနေသည့် ကိုယ်ပိုင်အခြင်းအရာဖြစ်ခြင်းကြောင့် သူတစ်ပါးဆီသို့မရောက်ရှိနိုင်ပေ။ အတွေ့အကြုံဟူသည်က သူတစ်ပါးသို့ အနည်းငယ်ပြောပြပေးရုံမှအပ သူတစ်ပါးရရှိအောင် အပြည့်အဝမျှဝေနိုင်ပေ။ လေ့ကျင့်ကြိုးစားလိုစိတ်သည်လည်း သူတစ်ပါးကို ချက်ချင်းမသက်ရောက်နိုင်။

သို့သော် သဘောထားနှင့် သဘောထားအမြင်တို့မှာမူ သူတစ်ပါးထံသို့ သေချာပေါက် ကူးစက်တတ်သော အခြင်းအရာများပင်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ မိမိရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရာတွင် အနည်းဆုံးလုပ်ဖော်ကိုင်ဖက်များ၏ သဘောထားအမြင်များကို တောင်းခံသင့်သည်။ မိသားစုတစ်ခုတွင်လည်း မိသားစုဝင်များထံမှ သဘောထားအမြင်များကို တောင်းခံသင့်ပေသည်။

ယင်းသို့တောင်းခံရာမှရရှိသော သဘောထားအမြင်များကိုလည်း လေးစားတန်ဖိုးထားရမည်။

မှန်ကန်သော သဘောထားအမြင်များကို ရရှိနိုင်ပါက လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ မိသားစုတစ်စု စသည်တို့အပြင် မိမိဘဝတစ်ခုအတွက်လည်း အထောက်အကူကောင်းများရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ်လူငယ်၊ လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာလိုပါက သဘောထားအမြင်များကို လေးစားတန်ဖိုးထားကာ အကောင်းဆုံးသုံးသပ်ဝေဖန် ဆုံးဖြတ်နိုင်ရမည်ဖြစ်သည်။ ယင်းသို့ သုံးသပ်ဆုံးဖြတ်နိုင်ရန်ကြိုးစားရမည်လည်းဖြစ်သည်။ တိကျမှန်ကန်သော ဝေဖန်သုံးသပ်ဆုံးဖြတ်မှုများကို ချမှတ်နိုင်စေရန် စာဖတ်ရမည်။ စာများများဖတ်ရမည်။ စာဖတ်ခြင်းမှရရှိသော အတွေးအမြင်၊ အသိ၊ သုတ၊ ရသများစွာတို့က ယင်းအတွက် အကျိုးပြုနိုင်ပေမည်။

"စာဖတ်ခြင်းမှရသော အတွေ့အကြုံ(သုတ)ကို မိမိလက်တွေ့ဘဝ(မုတ)တွင် အသုံးချဖြေရှင်းနိုင်စွမ်းရှိခြင်းသည် ပညာပင်ဖြစ်သည်"ဟု မျက်မမြင်နားမကြား အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလား (၁၈၈၀-၁၉၆၈)က ရေးသားခဲ့ဖူးသည်။

အောင်မြင်ကြီးပွားရန်ကြိုးစားရာ၌ တွေ့ကြုံရသည့်အခက်အခဲအမျိုးမျိုးအတွက် စာဖတ်ခြင်းမှရရှိသော အတွေ့အကြုံဗဟုသုတများကို အသုံးချဖြေရှင်းနိုင်ကြောင်း အသိပေးဖော်ပြထားခြင်းလည်းဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ❍

# အလုပ်ကိုနိုင်နင်းသူဖြစ်ချင်သလား

မောင်ထူးချွန်

**အလုပ်ကိုနိုင်နင်းသူဖြစ်ချင်သလား**

အလုပ်ကိုနိုင်နင်းသူဟာ လုပ်ငန်းခွင်မှာ ပျော်ရွှင်ရတယ်။ အလုပ်ကိုမနိုင်နင်းသူဟာ လုပ်ငန်းခွင်မှာ မပျော်ရွှင်နိုင်ဘူး။ အလုပ်ကိုကြောက်လာတတ်ပါတယ်။ လုပ်ငန်းခွင်ကို ငြီးငွေ့လာမယ်။ အဆုံးမှာတော့ လုပ်ငန်းခွင်ကနေ ထွက်ပြေးတော့တာပဲ။ အလုပ်က နုတ်ထွက်လိုက်တဲ့အထိ ဆုံးဖြတ်တော့တာပါပဲ။

မောင်တို့မယ်တို့တစ်တွေ အလုပ်လုပ်ကြတဲ့အခါ အလုပ်ကိုနိုင်နင်းသူဖြစ်ဖို့အရေးကြီးပါတယ်။ အလုပ်ကိုနိုင်နင်းသူဟာ လုပ်ငန်းခွင်မှာ ပျော်ရွှင်ကြည်နူးရတာပေါ့။

အလုပ်ကိုနိုင်နင်းသူဖြစ်ဖို့ အလုပ်လုပ်တဲ့နေရာမှာ အာရုံမများရဘူး။ လောမကြီးရဘူး။ ပြာလောင်မခတ်ရဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ သေသေချာချာ စေ့စေ့စပ်စပ် အာရုံစူးစိုက်ပြီး အလုပ်လုပ်လေ အကျိုးရှိလေ။ ထိရောက်လေပဲ။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ အလုပ်နှစ်ခု၊ သုံးခုလုပ်ရင် တစ်ခါတစ်ရံရပါတယ်။ အချိန်နည်းလို့ ဒီလိုလုပ်ရတဲ့ အခါတွေလည်း ရှိတတ်ပါတယ်။

အလုပ်ကိုတစ်ချိန်တည်း၊ တစ်ပြိုင်တည်းမလုပ်ရဘူးလို့ တရားသေဆုပ်ကိုင်ထားလို့တော့မရပါဘူး။ ရေခပ်ရင်းဟင်းချက်ရာမှာ ဟင်းအိုးတူးတာကြုံဖူးကြမှာပါပဲ။ ရေတင်ရင်း နွားနို့အိုးကျိုးရာမှ နို့အိုး ဝေကျတာမျိုးတွေ့ဖူးကြမှာပါ။ အရေးကြီးတဲ့အလုပ်မျိုးတွေဆိုရင် စေ့စပ်သေချာစွာလုပ်ရတယ်။ အလုပ်ကတန်ဖိုးကြီးရင် သတိလစ်လို့မရဘူး။ တစ်ခုပြီးမှတစ်ခု လုပ်ပါ။

တကယ်တော့ အလုပ်ဆိုတာ လုပ်မယ်ဆိုရင် လုပ်စရာတွေအများကြီး တန်းစီနေတာပါပဲ။ အားလုံးကို ဘယ်လုပ်နိုင်မှာလဲ။ အရေးကြီးတာကိုရွေးချယ်ပြီး ဦးစားပေးလုပ်ရပါလိမ့်မယ်။ အန္တရာယ်ရှိတဲ့ အခြေအနေကို ကာကွယ်ဖို့ လက်ရှိလမ်းကြောင်းကို အဓိကအနှောင့်အယှက်ပြုနိုင်တဲ့ ပြဿနာတွေကို အရေးအကြီးဆုံးအလုပ်အနေနဲ့ အရင်ဦးစားပေးပြီးဖြေရှင်းရမယ်။

အရေးကြီးတာကို အရင်လုပ်ပါ။

လုပ်ရမယ့်အလုပ်ကို နေ့ရွှေ့ညရွှေ့အချိန်မဆွဲရဘူး၊ တချို့ပြဿနာတွေဟာ အချိန်ကြာလွန်မြောက်သွားရင် အလိုလိုပြီးစီးသွားရော။ ပူစရာမလိုဘူး။ အချို့အလုပ်တွေကတော့ အချိန်ဆွဲလေလေ နစ်နာဆုံးရှုံးရလေလေ ဖြစ်တတ်ပါသေးတယ်။



ဘယ်အရာမဆို ဆိုင်းငံ့လို့ အကျိုးရှိမလား။ အချိန်ဆွဲထားခြင်းကြောင့် မိမိအဖို့ အားသာစေမှာလား။ အားနည်းစေမှာလားဆိုတာ ချင့်ချိန်ရပါလိမ့်မယ်။ မြန်ဆန်ရမယ်၊ မှန်ကန်ရမယ်၊ ထိရောက်ရမယ်ဆိုတဲ့ အခြေခံဥပဒေသတွေနဲ့ဖွဲ့စည်းထားတဲ့ သတင်းခေတ်မှာ စောရမယ်၊ ဦးရမယ်၊ လက်ဦးမှုကို အခွင့်ကောင်းယူတတ်ရပါမယ်။ ဖြစ်နိုင်သမျှမြန်မြန်ဆန်ဆန် သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက် ဆောင်ရွက်ရမှာဖြစ်တယ်။

အကျိုးမရှိရင် အချိန်မဆွဲရဘူး။

နောက်တစ်ချက်ကတော့ အလုပ်ကို မုန်းလို့ပစ်ထားလေလေ စိတ်ညစ်ရလေလေ ဖြစ်တတ်တယ်။ လူက အလုပ်ကိုချစ်မှ ပျော်စရာကောင်းပါတယ်။ ဘယ်အလုပ်မျိုးပဲဖြစ်ဖြစ် အလုပ်ကိုလေးစားရတယ်နော်။ အလုပ်ကိုစေတနာထားပြီး အလုပ်လုပ်ရင် အင်မတန်အကျိုးရှိပါတယ်။ စေတနာက သေသေချာချာအကျိုးပေးတာပဲ။ အလုပ်ထဲမှာ စေတနာပါပါလုပ်ရင် အထက်အကြီးအကဲကလည်း ချီးကျူးတယ်။ ရာထူးတိုးမြှင့် ချီးမြှောက်ချင်တယ်။ လက်အောက်ငယ်သားတွေကလည်း လေးစားအားကျကြတယ်။

အလုပ်ထဲမှာ စေတနာထည့်ပြီးလုပ်ဆောင်ပါ။

အလုပ်နဲ့ပတ်သက်ရင် ပကတိအခြေအနေမှန်ကိုမြင်အောင် သိအောင် သေသေချာချာကြည့်ပြီး အကောင်းဘက်က များများတွေးပါ။ အကောင်းဘက်က များများစဉ်းစားတာက ပိုပြီးကောင်းကျိုးရပါတယ်။

အလုပ်ကို ပျော်ပျော်ရွှင်ရွှင်လုပ်ပါ။ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်သာသာအလုပ်လုပ်တဲ့သူကို အပေါင်းအဖော်တွေက သဘောကျတယ်။ လုပ်ဖော်ကိုင်ဖက်တွေက ခင်မင်နှစ်လိုတဲ့သူဖြစ်ရတာ စိတ်ချမ်းသာတယ်။ နောက်တစ်ခုက ရှေ့လေးနှစ်၊ ငါးနှစ်၊ ၁၀နှစ်၊ အနှစ် ၂၀ အထိ မြော်တွေးသုံးသပ်ပါ။ ပြင်ဆင်စရာတွေ စဉ်းစားထားပါ။ အနာဂတ်ဆိုတာ မလွဲမသွေ မကြာမတင်ရောက်ရှိလာမယ့်အရာပါပဲ။ ဒါကြောင့် ကြိုတင်မြော်တွေးပြီး စီစဉ်တတ်ရမယ်။ နေ့စဉ်စာဖတ်ပါ။ သတင်းစာဖတ်ပါ။ သတင်းနားထောင်ပါ။

၁။ အလုပ်ကို တစ်ခုပြီးမှတစ်ခု လုပ်ပါ။
၂။ အရေးကြီးတာ အရင်လုပ်ပါ။
၃။ အချိန်မဆွဲရ။
၄။ စိတ်မပါလည်း စိတ်ပါဝင်စားဟန်ဆောင်ပြီး လုပ်ဆောင်ပါ။ စိတ်ပါလာပါလိမ့်မယ်။
၅။ အလုပ်ထဲမှာ စေတနာထည့်လုပ်ပါ။
၆။ မိမိ၏ အလုပ်စွမ်းရည်ကို အကောင်းဆုံးဖြစ်အောင် ကြံဆဖန်တီးဆောင်ရွက်ပါ။
၇။ အကောင်းဘက်က များများတွေးပါ။
၈။ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်ပါ။
၉။ ကြိုတင်မြော်တွေးပါ။ စာဖတ်ပါ။
၁၀။ ပြင်ဆင်စုဆောင်းပါ။

မောင်တို့မယ်တို့ မျိုးဆက်သစ်လူငယ်လူရွယ်တွေအနေနဲ့ ဖော်ပြပါနည်းနာအနှစ်ချုပ်တွေကို လိုက်နာလုပ်ဆောင်ပါက အလုပ်ကို နိုင်နင်းသူဖြစ်လာပြီး ဘဝမှာ အောင်မြင်တိုးတက်လာမှာဖြစ်ပေတယ်။ ။

❍ စာမျက်နှာ ၁၈ မှ

မိမိနှင့် လက်ပွန်းတတီးရှိနေသည့်ဝန်းကျင်မှ လူများ၏သဘောထားနှင့်သဘောထားအမြင်များကိုလည်း ဝေဖန်ပိုင်းဆစ်နိုင်ရမည်။ ဝေဖန်ပိုင်းဆစ်ခြင်းသည် လေးစားတန်ဖိုးထားမှုကို လျစ်လျူရှုခြင်း မဟုတ်၊ အလေးမထားခြင်း မဟုတ်ကြောင်းကိုလည်း သိရှိရမည်။ ပတ်ဝန်းကျင်မှပေးသော သဘောထားအမြင်တိုင်းသည် မိမိလုပ်ငန်း၊ မိမိရည်ရွယ်ချက်၊ မိမိဘဝအောင်မြင်ကြီးပွားရေးအတွက် အရေးပါသော်လည်း အမှန်တကယ် မိမိအတွက် အကျိုးရှိလာနိုင်မည်လား၊ လက်တွေ့တွင် အသုံးတည့်မည်လားဟူသည့်အတွေးကိုဖော်ကျူးကာ ဆန်းစစ်ပုံဖော်နိုင်ရမည်လည်းဖြစ်သည်။

သို့မှသာ မိမိရည်မှန်းချက်ပန်းတိုင်ကို အခက်အခဲမရှိ ရောက်ရှိနိုင်ပေမည်။ အမြန်ဆုံး၊ အမှန်ကန်ဆုံးနည်းလမ်းဖြင့် ပန်းတိုင်ကို ရောက်ရှိနိုင်ပေမည်။

"လောကသည် မိမိအတွက်မဟုတ်။ မိမိသည်သာ လောကအတွက် ဖြစ်စေရမည်ဟူသော ကောင်းမြတ်သည့်ရည်ရွယ်ချက်ဖြင့် အလုပ်လုပ်သောလူများကို နတ်လူသာခုခေါ်ကြမည်"ဟု စာရေးဆရာကြီးဦးရွှေအောင်က အတိအလင်း ပြောကြားထားပေရာ ဘဝမှာ အောင်မြင်ကြီးပွားလိုကြသော မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် မိမိသည်သာ လောကအတွက် ဖြစ်စေရမည်ဟူသော ကောင်းမြတ်သည့်ရည်ရွယ်ချက်ဖြင့် အလုပ်လုပ်သောသူများအဖြစ်ကြိုးစားကာ ဖော်ပြပါရှိသော နည်းနာများကို လိုက်နာကျင့်ဆောင်နိုင်ခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာမှုကို မလွဲမသွေ ရရှိမည်ဖြစ်ပေတော့သည်။ ။

■

# ဝန်ဆောင်မှုပြုခြင်းဖြင့် ကြွယ်ဝချမ်းသာပါ

အောင်မြတ်စည်သူ

သင့်ကိုယ်သင် မြှင့်တင်ရန်အတွက် နည်းလမ်းကောင်းတစ်ရပ်ကား သင့်ဘဝထဲသို့ ငွေစီးကြောင်းတိုးမြှင့်ရန်ပင်ဖြစ်သည်။

လူအများစုသည် ဤသို့တွေးထင်ရန်အတွက်ပင် မျက်နှာပူတတ်ကြသည်။ ယင်းတို့ တစ်ကိုယ်ကောင်းဆန်သည်၊ လောဘကြီးသည်ဟု အထင်ခံရမည်စိုးသောကြောင့် သူတို့သည် စဉ်းစားတွေးခေါ်ပြီး ချမ်းသာကြွယ်ဝမှုကို မပြုလိုကြချေ (သို့မဟုတ်) သူတို့သည် လုံးဝအနှစ်သာရကင်းမဲ့သော မက်ခ်ဝါဒီစီးပွားရေးအယူသီးမှုဖြစ်သော ငွေရရှိရန်အတွက် တစ်ပါးသူတစ်ဦးထံမှ လုယူရသည်ဟူသောအချက်ကို လေးလေးနက်နက် ယုံကြည်နေဆဲကြောင့်သာ ဖြစ်သည် (သို့မဟုတ်) သူတို့သည် ငွေနောက် သရဲမရဲလိုက်သူများအဖြစ် အထင်မခံလိုကြ၍ပင် ဖြစ်မည်။

သို့သော် ငွေနှင့်ပတ်သက်၍ မည်သူများ အမှန်တကယ် သရဲမရဲစီးနေသည်ကို သင်သိပါသလား။ ငွေတစ်ပြားမှ မရှိသူများပင်ဖြစ်သည်။ သူတို့သည် တစ်နေကုန်ပင် ငွေဝန်ဖိစီးနေတတ်ကြသည်။ ငွေနှင့်ပတ်သက်၍ သရဲမရဲမဖြစ်ရန် အကောင်းဆုံးနည်းလမ်းတစ်ရပ်ကား ငွေကြေးလွတ်လပ်မှုသို့ သင်တည်ထားသော ဝင်ငွေရရှိရေး အစီအစဉ်ကို ယုံကြည်ရန်ပင် ဖြစ်သည်။ 'ကျွန်တော်တို့၏ ပထမတာဝန်သည် မဆင်းရဲရန် ဖြစ်သည်' ဟု ဂျော့ချ်ဘားနတ်ရှောက ဆိုခဲ့သည်။

မဆင်းရဲရေး ခရီးလမ်းသည် အမြဲတစေ သင့်ပညာပိုင်းအရ ဘဝဆက်ဆံရေးကဏ္ဍမှ ဖြတ်သန်းသွားလေ့ရှိသည်။ ထိုဆက်ဆံရေးများကို သင် ဝန်ဆောင်မှုပြုလေလေ ထိုဆက်ဆံရေးများမှ အကျိုးပေါ်လာလေလေဖြစ်ပြီး သင်ငွေပိုရရှိမည် ဖြစ်သည်။

'ငွေသည် လောကကို ကျွန်တော်တို့ဝန်ဆောင်မှုပြုခြင်းအတွက် အလဲအလှယ်နှင့် အသုံးချမှုအရ ကျွန်တော်တို့ရရှိသည့် ဘဝစွမ်းအားပင် ဖြစ်သည်'ဟု ဒီပက်ခ်ချိုပရာက "Creating Affluence" တွင် ရေးသားခဲ့သည်။ ဝန်ဆောင်မှုမှနေ၍ ငွေကြေးစီးဆင်းကြောင်း သင် သဘောပေါက်လာသောအခါတွင် သင်သည် ပို၍တန်ဖိုးရှိသောအရာတစ်ခုကို နားလည်ရန် အခွင့်အရေးရသည်။ ယင်းကား မမျှော်လင့်သော ကြီးမားသည့် ငွေကြေးပမာဏတို့ကို မမျှော်လင့်သော ဝန်ဆောင်မှုကြီးများ ဆောင်ရွက်ရာမှ ရသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ သင့်ဘဝမှ လူတို့ကို မမျှော်လင့်သော ဝန်ဆောင်မှုများပြုရန် နည်းလမ်းကား သင့်ကိုယ်သင် 'သူတို့ ငါ့ဆီက ဘာမျှော်လင့်သလဲ'ဟု မေးမြန်းရန်ပင် ဖြစ်သည်။ ထိုအချက် ရှင်းလင်းသဲကွဲသွားသည်နှင့် သင်က 'သူတို့ မမျှော်လင့်တာ ငါ ဘာလုပ်နိုင်မလဲ' ဟု စောကြောရန်ပင် ဖြစ်သည်။ မမျှော်လင့်သော ဝန်ဆောင်မှုသည်သာလျှင် အမြဲတစေ ပြောစမှတ်ဖြစ်ရသည်။ အမြဲတစေပြောစမှတ်ပြုခံရခြင်းသည်ပင်လျှင် သင်၏ကြေးစားပညာရှင်တန်ဖိုးကို မြှင့်တင်ပေးပေမည်။ နပိုလီယံဟီးလ်က ထပ်တလဲလဲ ထောက်ပြခဲ့သည်ကဲ့သို့ပင် ကြီးမားလှသော ချမ်းသာကြွယ်ဝမှုတို့သည် အပိုတစ်မိုင်လျှောက်ကျင့်မှ လာသည်။ တစ်နည်းစေတနာထားပိုပိုသာသာဆောင်ရွက်မှုမှ လာသည်။ သင့်ကိုပေးထားသည့်အခထက် အနည်းငယ်ဝန်ဆောင်မှုပိုပြုခြင်းသည် စီးပွားရေးအရ အလွန်ကောင်းမွန်ထက်မြက်သောပြုရပ်ပင်ဖြစ်သည်။

ငွေကြေးအကြောင်း စိုးရိမ်ပူပန်နေရသည့်အခါတွင် ကိုယ့်ဘဝကိုယ် မြှင့်တင်တိုးတက်အောင် ဆောင်ရွက်ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ ဤအချက်ကို လေးလေးနက်နက် တွေးခြင်းအတွက် မျက်နှာပူမနေပါနှင့်။ ငွေကြေးအကြောင်း အနည်းငယ်ကြိုတင်စဉ်းစားထားခြင်းသည် နောင်တွင် အမြဲတစေ စဉ်းစားနေရသည့်ဒုက္ခမှ ကင်းဝေးစေနိုင်သည်။ သင်၏ ငွေကြေးပိုင်းဆိုင်ရာ ဖူလုံကြွယ်ဝမှုကို တစ်ပါးသူတို့အတွက် စာနာထောက်ထားစိတ်တိုးမြှင့်ခြင်းနှင့် ဒွန်တွဲချိတ်ဆက်မြင်ပါ။ ကျွန်တော် ဆင်းရဲချို့တဲ့စွာနေထိုင်ရပါလျှင် ကျွန်တော့်ရင်သွေးများ(သို့မဟုတ်) ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်း၊ လူသားအချင်းချင်းကို ကျွန်တော်မည်မျှမေတ္တာထားအရေးစိုက်နိုင်ပါမည်နည်း။ ကျွန်တော် ကြံကြံဆဆ အစီအစဉ် ချို့တဲ့ပြီး ကြွေးတင်နေရမည်ကို အမြဲတစေ စိုးရိမ်နေရပါလျှင် ကျွန်တော် မည်မျှ အထောက်အကူပြုနိုင်ပါမည်နည်း။ "ဆင်းရဲချို့တဲ့မှုသည် သိက္ခာကင်းမဲ့သောကိစ္စမဟုတ်ချေ။ သို့သော်လည်း အားကျစရာ ဘဝတစ်ခုလည်း မဟုတ်ချေ" ဟု နပိုလီယံဟီးလ်က ဆိုခဲ့သည်။ ။

Ref: Get rich with Service by Steve Chandler

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ငါဝန်ခံပါတယ်ကျော့မောင်။ အခုတော့ ငါသိပါပြီကွာ။ ငါ့ဘဝမှာ မိန်းကလေးတွေ မရေမတွက်နိုင်အောင် တွေ့ခဲ့ဖူးတယ်။ ပထမတော့ ငါ့ကိုငါထင်တယ်။ တွေ့တဲ့မိန်းကလေးတိုင်းကို ချစ်တယ်လို့ပဲ။ ဒါပေမဲ့ အမှန်ကတော့ သူတို့ကို ချစ်တယ်ဆိုတာ ငါ့နှလုံးသားကလာတဲ့အသိနဲ့ ချစ်တာမဟုတ်ဘူး။ ခင်ခင်ကြီးကိုတော့ ပေါ့ပေါ့တန်တန်ချစ်မိတယ်လို့ ထင်ရင်းကနေ နှလုံးသားက လာတဲ့အချစ်နဲ့ နှစ်နှစ်ကာကာချစ်လာတာ။ ငါ့ဘဝမှာ ငါအချစ်ဆုံးမိန်းကလေးဟာ ခင်ခင်ကြီးပဲ ကျော့မောင်"

"ခင်ခင်ကြီးမှာ ယောကျ်ားတွေကို စိတ်နာနေသလား၊ မင်းကိုပဲ စိတ်နာတာလား။ ဒါမှမဟုတ် မင်းနဲ့ပတ်သက်ပြီး ယောကျ်ားအားလုံးကို စိတ်နာသွားတာလားမသိဘူး။ အခုထိ အိမ်ထောင်မပြုသေးဘူး။ ကျန်ခဲ့တဲ့ အနှစ်နှစ်ဆယ်အတွင်းတုန်းက မင်းနဲ့ထပ်တွေ့လိုက်ရင် အခြေအနေက တစ်မျိုးပြောင်းရင် ပြောင်းသွားနိုင်တယ်နော်"

"ငါတော့ ဒီလိုမထင်ဘူးကျော့မောင်။ အစကတော့ ခင်ခင်ကြီးကို ငါကိုယ်တိုင် အချစ်ကံဆိုးရှာတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ ခင်ခင်ကြီးတစ်ယောက်တည်းသာ ချစ်ကံဆိုးတာမဟုတ်ဘူး။ စင်စစ်မှာတော့ ငါကိုယ်တိုင်လည်း ချစ်ကံဆိုးတဲ့လူတစ်ယောက်ပဲလို့ သိလာတယ်။ ဒါကလည်း စောစောကပြောသလို သူ့ကို နှစ်နှစ်ကာကာချစ်လို့သာပဲပေါ့ ကျော့မောင်"

ကိုကျော့မောင်သည် ကိုမောင်မောင်ဦး၏ စကားကို သဘောကျသလို ပြုံးလိုက်လေသည်။

"မင်း အချစ်နဲ့ပတ်သက်လို့ အယူအဆတွေ တိုးတက်လာပြီ မောင်မောင်ဦး။ မင်းမှာ စာနာတဲ့ စိတ်ထားတွေရှိလာပြီ။ မဆိုးတော့ဘူး"

အိမ်လမ်းချိုးသို့ ရောက်လာသည်။ ကိုကျော့မောင်က လမ်းချိုးအတိုင်း ချိုးကွေ့ဝင်လိုက်သည်။ ကိုမောင်မောင်ဦးသည်ကား ချိုးကွေ့မဝင်သေးဘဲ လမ်းဝမှာရပ်နေသည်။

ကိုကျော့မောင် ခြေလှမ်းတုံ့ရသည်။ ကိုမောင်မောင်ဦးကို လှမ်းကြည့်သည်။

"မင်းအိပ်နှင့်တော့ ကျော့မောင်"

"ဘယ်သွားဦးမလို့လဲ"

"ကြည့်စမ်းပါဦးကွာ။ ညဟာ ဘယ်လောက်သာယာသလဲ။ ဒီလောက်သာယာတဲ့ညကို ဥပေက္ခာပြုပြီး အိပ်ပစ်ရမှာ နှမြောစရာကြီး"

ကိုကျော့မောင် ပြုံးရပြန်ချေသည်။

"ကိုယ့်လူက ကဗျာဆန်နေရပြန်ပြီ။ ကိုယ့်ကိုယ်ကိုယ် အသက်လေးဆယ်ကျော်နေပြီဆိုတာလည်း သတိထားပါဦး"

ကိုမောင်မောင်ဦးသည် ဘာမျှပြန်မပြော။ ကိုကျော့မောင်ကိုထားခဲ့ကာ လမ်းအတိုင်းလျှောက်လာသည်။ ကိုကျော့မောင်သည် သူငယ်ချင်းဖြစ်သူ၏နောက်ကျောကို စူးစိုက်ကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။ ထို့နောက် အိမ်သို့ လျှောက်ခဲ့သည်။

ကိုမောင်မောင်ဦးသည် သည်လမ်းသို့ လာမည်ဟု ရည်ရွယ်ရင်းစွဲမရှိ။ တစ်နေရာရာသို့ သွားမည်ဟုလည်း စဉ်းစားမထား။ လျှောက်လာရင်းမှပင် မိမိကိုယ်ကိုယ် ကမ္ဘာအေးစေတီလမ်းပေါ်၌ ရောက်ရှိနေကြောင်း တွေ့လိုက်ရလေသည်။

လမ်းတစ်လမ်းလုံး၌ သက်ရှိသတ္တဝါဟူ၍ သူတစ်ဦးတည်းသာရှိသည်။ လူတို့ အိပ်စက်ကြလေပြီ။ အိမ်တိုင်း တံခါးပိတ်လျက် မီးမှိတ်ခဲ့ကြလေပြီ။ ကားအသွားအလာလည်း မရှိတော့။

သူ့စိတ်မှာ အလိုလိုနေရင်း ကြေကွဲချင်နေသည်။ အလိုလိုနေရင်း ရင်ထဲမှာ ဆို့နင့်နေသည်။ မိမိကိုယ်ကို နာကြည်းနေမိလေသလား။ မိမိဘဝကို စိတ်ပျက်နေမိလေသလားလည်း မပြောတတ်။ တစ်စုံတစ်ရာအပေါ် မကျေနပ်နိုင်သလိုရှိရသည်ကား အမှန်ပါပေ။

ကမ္ဘာအေးစေတီပရိဝုဏ်ကို ဖြတ်ရသည်။ တိတ်ဆိတ်ငြိမ်သက်သောညဖြစ်၍ ဘုရားထီးမှ ဆည်းလည်းသံသည် လေနှင့်အတူ လွင့်ပျံ့လာလေသည်။ သူ့နားမှာ ဆည်းလည်းသံကို မှတ်မှတ်ရရကြားရသည်။ သို့ငြားလည်း ဓမ္မတေးသံသည် ပူလောင်ပြင်းပြလျက်ရှိသည့် သူရင်မှအပူကို မငြိမ်းသတ်နိုင်။ သူ့ရင်ကို အေးမြစေခြင်းငှာ မတတ်သာ။

သူ့အာရုံတွင် ခင်ခင်ကြီးသည် လွှမ်းမိုးလျက်ရှိ၏။ သူ၏နားမှာ ယင်းအမည် ပဲ့တင်ထပ်နေသည်။

အစသော် ကမ္ဘာအေးစေတီမှ ပြန်လှည့်ခဲ့မည်ဟု ရည်ရွယ်သည်။ ဦးသည်ကိုကပ်လျက် ဦးသည် လုပ်နေသည်ဖြစ်၍ ညဥ့်နက်မှအိမ်ပြန်လျှင် မကောင်းတတ်ဟု တွေးမိသည်။ သို့စဉ်လျက် ကမ္ဘာအေးစေတီကို လွန်လာခဲ့သည့်တိုင် နောက်သို့ပြန်မလှည့်မိ။ ခြေလှမ်းကို တုံ့ရပ်၍မရ။ ခန္ဓာသည် အာရုံ၏အလိုကို လိုက်နေလေသည်တကား။

မိုးလေဝသဌာနကို လွန်ခဲ့သည်။ စိတ္တဇဆေးရုံကို ကျော်ခဲ့သည်။ ရှစ်မိုင်လမ်းဆုံကို ဖြတ်နေမိချေသည်။ ထိုမှသည် ရေနံ့သာအိမ်ကြီးတည်ရှိရာ ခုနစ်မိုင်ခွဲနှင့် နီးကပ်လာချေပြီ။

သူ၏ရင်သည် ပြင်းစွာ တုန်လှုပ်နေသည်။ နှလုံးခုန်နှုန်း မြန်ဆန်နေသည်။ အသက်ရှူသံမှာ ပြင်းပြနေသည်။ ဤသည်မှာ မောပန်းလှ၍ချည်းမဟုတ်။ ခင်ခင်ကြီးရှိရာအရပ်နှင့် နီးကပ်လာပါပကောဟူသော အသိမှ ပေါက်ဖွားလာသည့် စိတ်လှုပ်ရှားမှုကြောင့်လည်းဖြစ်သည်။

လွတ်လပ်ရေးရအပြီးတွင် သူ ရေနံ့ချောင်းသို့ တစ်ခေါက်ရောက်သည်။ သည်စဉ်က ခင်ခင်ကြီး ရန်ကုန်တွင်နေထိုင်လျက်ရှိကြောင်း သတင်းစကားကြားရသည်။ သူ၏မိတ်ဆွေတစ်ယောက်က ပြည်လမ်းရှိ ရေနံ့သာအိမ်ကြီးအကြောင်းကို ပြောပြခဲ့သည်။ သို့ဖြင့် ရန်ကုန်သို့ရောက်လေတိုင်း၊ ပြည်လမ်းမှလာမိလေတိုင်း ရေနံ့သာကို အမှတ်ထင်ထင်ရှိခဲ့သည်။ ခင်ခင်ကြီးကို တစ်စွန်းတစ်စ တွေ့ရလိမ့်နိုးနှင့် ရေနံ့သာရှေ့မှ ဖြတ်ရလေတိုင်း အိမ်ခြံဝင်းအတွင်းဆီသို့ ကြည့်မိသည်ချည်းဖြစ်သည်။ သည်အိမ်တွင် ခင်ခင်ကြီးရှိနေသည်ဟူသောအသိဖြင့် သည်အိမ်ရှေ့မှဖြတ်ရလေတိုင်း ရင်မှာ ပူနွေးလာမိမြဲ။

ယခု ကိုမောင်မောင်ဦးသည် ရေနံ့သာရှေ့တွင် ပူနွေးသောရင်ဖြင့် ရပ်မိပြန်လေပြီ။ ယခုအခါတွင် ခင်ခင်ကြီးသာမက နန်းကိန္နရီပါရှိနေသည်ဟူသောအသိဖြင့် နှလုံးသည်းပွတ်များသည်ပင် တဆတ်ဆတ် တုန်ခါနေလေသလား မှတ်ထင်ရအောင် ရင်ခုန်နေသည်။

ရေနံ့သာအိမ်ကြီးမှာ လရောင်အောက်တွင် ခံ့ခံ့ထည်ထည်ကြီး ရပ်တည်နေသည်။ အိမ်၏ စိန်တောင်များသည် မိုးသို့မျှော်နေဟန်ရှိသည်။ ရတ်တရက် အမြင်၌ စုလစ်မွမ်းချွန်သဖွယ်ထင်ရသည်။

အိမ်တွင် မီးအလင်းရောင်မမြင်ရ။ အသံဗလံဟူ၍လည်း လုံးဝမကြားရ။ တိတ်ဆိတ်ငြိမ်သက်ခြင်းကသာ လွှမ်းမိုးထားသည်။

ကိုမောင်မောင်ဦးသည် ဆေးဖြူသုတ်ထားသည့် တံခါးဝတွင် ရပ်နေသည်။ တံခါး၏ဘောင်၌ လက်တင်ထားသည်။ အိမ်အတွင်းသို့ မမှိတ်မသုန် ငေးကြည့်နေမိသည်။

ဖြစ်နိုင်မည်ဆိုလျှင် "ခင်ခင်ကြီးရေ၊ ခင်ခင်ကြီးရေ၊ ညီမရေ" စသည်ဖြင့် အော်ဟစ်ခေါ်ဝေါ်လိုက်ချင်သည်။ မိမိ၏ရုပ်သွင်ကို မြင်ရစေချင်သည်။ သူတို့၏ရုပ်သွင်ကိုလည်း မြင်ချင်လှပါသည်။

ခေါ်ခွင့်မသာ၊ မြင်ခွင့်မရှိသည့်အဖြစ်ကို တွေးမိလေတော့လည်း ရင်ထဲမှာကြေကွဲရသည်။ ဆို့နင့်ရခြင်းသည် မျက်ဝန်း၌ မျက်ရည်ပြည့်လျှမ်းလာစေသည်။ အကြည့်ကို မှုန်ဝါးလာရစေသည်။ ရင်မှာ နာကျင်ရလွန်းလှပါသည်ကွယ်။

ဝဋ်ကြွေးဆိုသည်မျိုးမှာ သံသရာအထိမနေ၊ လောက၌ ပြတတ်သည်ဆိုခြင်းကို တွေးမိပါသည်။ နားလည်ရပါပြီ။ ဟိုစဉ်က မိမိဘက်ကအနိုင်ချည်းဟုမှတ်ခဲ့သည်။ မိမိရှေ့မှောက်တွင် မိန်းမတကာတို့ ဒူးထောက်ရသည့်အဖြစ်မျိုးနှင့်သာ ကြုံရသည်ဟု ယူဆခဲ့သည်။ ယခုတော့လည်း အဖြစ်တို့က ဆန့်ကျင်ဘက်ပါကလား။ ပြောင်းပြန်ပါကလား။ တင်ရှိနေသောဝဋ်ကြွေးမှန်သမျှကို ပေးဆပ်ရမည့်အဖြစ်ပါကလားဟု ကိုမောင်မောင်ဦး နားလည်လာသည်။

သူ့အရှေ့မှ လူတစ်ယောက် ဘွားခနဲပေါ်လာသည်။ ကိုမောင်မောင်ဦးမှာ ဆတ်ခနဲဖြစ်သွားသည်။ လန့်ဖျပ်သွားရသည်။ ရုပ်မည်ပြုသောလက်တစ်ဖက်ကို ထိုသူက ဖမ်းဆွဲလိုက်ခြင်း ခံရသည်။ ထိုသူ၏လက်မှာ ကျားလျှာနှယ် ကြမ်း၍ သူ၏ဆုပ်ကိုင်မှုမှာ ပြုတ်တူသဖွယ် သန်မာတင်းကျပ်လှသည်။

"ခင်ဗျားကို ကျုပ်ကြည့်နေတာကြာပြီ"

ထိုသူထံမှ ဝဲသောအသံကို ကြားရသည်။ အသံမှာ ခက်ထန်နေသည်။

"ခင်ဗျား ဘာလုပ်ဖို့ ဒီမှာလာရပ်နေတာလဲဟင်"

ရုတ်တရက်ဖြစ်၍ ကိုမောင်မောင်ဦး ဘာပြန်ပြောရမည်မသိနိုင်။

သူ့ရှေ့မှာ ရှိနေသူသည် ခြံစောင့်ဖြစ်ရမည်ဟူ၍တော့ သိသည်။ ထိုသူကို ကိုထွန်းခင်လေလား ထင်မိသေးသည်။ အသံနေ အသံထားကြောင့်မဟုတ်နိုင်။ အခြားတစ်ယောက် ဖြစ်ပေလိမ့်မည် ထင်သည်။

"ဟေ့လူ မေးနေတာမကြားဘူးလား။ ပါးစပ်မပါဘူးလား"

သည်အထိ သူဘာမျှပြန်မပြောမိ။ ပိုမိုတင်းကျပ်စွာဆုပ်ကိုင်ခြင်းကို ခံစားရသည်။

"ဒီလူတော့ ဒုက္ခရောက်ချင်ပြီထင်တယ်။ ပြောလေဗျာ။ ခင်ဗျားဘာလုပ်ဖို့ ဒီခြံရှေ့မှာ လာရပ်နေတာလဲ၊ ဓားပြတိုက်မလို့လား။ ခိုးမလို့လား"

"ခင်ဗျားပြောတာမျိုးတွေ တစ်ခုမှကျုပ်မလုပ်ပါဘူး"

ကိုမောင်မောင်ဦးထံမှ အသံထွက်လာသည်။ သူ့အသံမှာ တိုးညင်းလှသည်။

"ဒါဖြင့်"

"ကျုပ်ဒီမှာလာရပ်နေတာ ခင်ခင်ကြီးနဲ့ တွေ့ချင်လို့ပါ"

ကိုမောင်မောင်ဦးသည် ယင်းစကားကို ဖျစ်ညှစ်ပြောလိုက်သည်။ ခြံစောင့်သည် သူ့သခင်မအား ခင်ခင်ကြီးဟု ပိုင်စိုးပိုင်နင်းခေါ်လိုက်သည့်အတွက် ခံပြင်းမိဟန်ရှိသည်။

"ခင်ဗျား အရူးလားဗျ။ ဒီအချိန်ကြီးကျမှ ခင်ဗျားကိုဆင်းတွေ့မလား"

"ကျုပ်ကလည်း ဆင်းတွေ့ရမယ်လို့ မပြောရသေးပါကလား။ ကျုပ်အနေနဲ့ တွေ့ချင်တယ်လို့သာ ပြောတာပါ။ ပြီးတော့ ခင်ခင်ကြီးကို အိပ်ရာက သွားနှိုးဖို့လည်း မလိုပါဘူးလေ။ ဘာကြောင့်လဲဆိုတော့ ကျုပ်က သေလောက်အောင်တွေ့ချင်ပါတယ်ဆိုတောင်မှ သူက လာတွေ့မှာမဟုတ်လို့ပါဘဲ"

ခြံစောင့်သည် ကိုမောင်မောင်ဦးအား ဆန်းကြယ်သလို ကြည့်သည်။ ကိုမောင်မောင်ဦးက သူ့စကားကို သူ့ဘာသာ သဘောကျသွားသလို ရယ်ချလိုက်သည်။

"ကဲဗျာ၊ ခင်ဗျားကို ဒုက္ခမပေးချင်တော့ပါဘူး။ ကျုပ်လက်ကိုလွှတ်ပါ။ ကျုပ်သွားပါရစေတော့"

ခြံစောင့်သည် ဘာပြောရမှန်းမသိတတ်တော့သလိုရှိသည်။ ကိုမောင်မောင်ဦးလက်ကို လွှတ်ပေးလိုက်သည်။

ကိုမောင်မောင်ဦး နောက်သို့ လှည့်လိုက်သည်။ တစ်လှမ်းနှစ်လှမ်း လျှောက်သွားသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရသလို ပြန်လှည့်လာသည်။

"ဪ၊ တစ်ခုတော့မှာရဦးမယ်။ မနက်ကျရင် ခင်ခင်ကြီးကိုပြောလိုက်စမ်းပါ။ ညက မောင်မောင်ဦးဆိုတဲ့လူတစ်ယောက် ရေနံ့သာကိုရောက်လာတယ်ဆိုတဲ့အကြောင်း"

ထိုနောက် ကိုမောင်မောင်ဦးသည် ခေါင်းငိုက်စိုက်ချကာ လာလမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။

ရေနံ့သာ၏ခြံစောင့်သည် ကျောခိုင်းထွက်ခွာသွားသောကိုမောင်မောင်ဦးကို စူးစိုက်ကြည့်ရင်း ကျန်ရစ်သည်။ သူသည် စိတ်လှုပ်ရှားနေရသည်။ ဆန်းကြယ်မှုကို ခံစားနေရသည်။

ရေနံ့သာ၌ ခြံစောင့်အဖြစ် စတင်အမှုထမ်းကတည်းက သည်အဖြစ်မျိုး မကြုံဖူးခဲ့။ အကယ်၍ သူခိုး၊ ဓားပြများနှင့် ဆုံရလျှင်ပင် သည်အထိ စိတ်လှုပ်ရှားရမည်မထင်။ သူ၏စိတ်တွင် သစ္စေ၊ သရဲအခြောက်ခံရသည့်နှယ် ဖြစ်သည်။

စင်စစ် ထိုညက ရေနံ့သာ၌ တကယ်တမ်း တစ္ဆေခြောက်ခဲ့သည့်အဖြစ်ကို ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်တိုင်ကလွဲ၍ အခြားသူတို့ သိစွမ်းနိုင်ခြင်းမရှိကြပါပေ။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

**"ဝဋ်ကြွေးဆိုသည်မျိုးမှာ သံသရာအထိမနေ လောက၌ပြတတ်သည်ဆိုခြင်းကို တွေးမိပါသည်။ နားလည်ရပါပြီ။ ဟိုစဉ်က မိမိဘက်က အနိုင်ချည်းဟုမှတ်ခဲ့သည်။ မိမိရှေ့မှောက်တွင် မိန်းမတကာတို့ ဒူးထောက်ရသည့်အဖြစ်မျိုးနှင့်သာ ကြုံရသည်ဟု ယူဆခဲ့သည်။ ယခုတော့လည်း အဖြစ်တို့က ဆန့်ကျင်ဘက်ပါကလား။ ပြောင်းပြန်ပါကလား။ တင်ရှိနေသောဝဋ်ကြွေးမှန်သမျှကို ပေးဆပ်ရမည့် အဖြစ်ပါကလားဟု ကိုမောင်မောင်ဦး..."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သောသည့် မာရဇိနဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း









[illegible]

[illegible]

[illegible]

[illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီတပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ တစ်ခုတည်းသောတပ်မတော်ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမှာဖြစ်တဲ့အပြင် ပြည်သူတွေရဲ့နေ့စဉ်လူမှုဘဝ လုံခြုံရေးကိုလည်း ဘက်ပေါင်းစုံက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမှာဖြစ်တယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ILO ညွှန်ကြားရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာပါ မဟုတ်မမှန်သည့်စွပ်စွဲချက်များနှင့် ILO အုပ်ချုပ်မှုအဖွဲ့၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ပြင်းထန်စွာကန့်ကွက်

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၁၄-၃-၂၀၂၂ ရက်မှ ၂၆-၃-၂၀၂၂ ရက်အထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (International Labour Organization–ILO) ၏ (၃၄၄) ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးတွင် လွတ်လပ်စွာ အသင်းအပင်းဖွဲ့ခြင်းနှင့် ဖွဲ့စည်းခွင့်ကို အသိအမှတ်ပြုရေးဆိုင်ရာပြဋ္ဌာန်းချက် (Convention No. 87)နှင့် အလုပ်သမားများကို အတင်းအကျပ်မလုပ်မနေရ အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက် (Convention No. 29) တို့အား လိုက်နာဆောင်ရွက်မှုမရှိကြောင်း စွပ်စွဲချက်ဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry) တစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနက သိရှိရသည်။ အဆိုပါ ဆုံးဖြတ်ချက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာအရ ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းအစီရင်ခံစာတွင် နိုင်ငံရေးသွတ်သွင်းသည့် အချက်အလက်များ၊ မဟုတ်မမှန်သည့် စွပ်စွဲချက်များနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အတွင်း ရောက်ရှိနေသော ကိစ္စရပ်များပါဝင်သည်။

အစီရင်ခံစာမူကြမ်းတွင် လူပုဂ္ဂိုလ်တစ်ဦးသည် အသက်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခံရသည်ဟု ဖော်ပြထားသော်လည်း စင်စစ် ၎င်းသည်

စာမျက်နှာ ၈ ကော်လံ ၁ သို့

## PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာကျောင်းများအား လက်လုပ်မိုင်းများဖြင့် နှောင့်ယှက်ဖောက်ခွဲ

**နေပြည်တော် မေ ၄**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတစ်ခုတွင်ပါဝင်သော ပညာရည်မြင့်မားရေး၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားသည့် ကာလအတွင်း အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ခေတ္တပိတ်ထားခဲ့ရသဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏

စာမျက်နှာ ၁၅ ကော်လံ ၃ သို့



ဘိုကလေးမြို့ အမှတ်(၄)ရပ်ကွက် (၆)လမ်းရှိ အထက(၁) ကျောင်းဘေးဝင်ပေါက်အနီး လက်လုပ်မိုင်း ပေါက်ကွဲသည့် နေရာပြမှတ်တမ်းဓာတ်ပုံ။

## ပုံနှိပ်သူများနှင့် ထုတ်ဝေသူများလိုက်နာရန် စည်းကမ်းချက်များအား အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူများ၊ ထုတ်ဝေသူများသည် အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သော ထုတ်ဝေစာများကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရန် ပြဋ္ဌာန်းထားရှိပါသည်-

(က) တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊

(ခ) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ သို့

**ယနေ့** ဖတ်စရာ

**ဝက်လက်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်အား လက်လုပ်မိုင်း လေးလုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် သံဃာတော်တစ်ပါး၊ ယာဉ်မောင်း တစ်ဦးနှင့် ယာဉ်နောက်လိုက် တစ်ဦးတို့ ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၅



**နန်ချိုကြိုးပြင်ကာကွယ်တော အပိုင်း(၃)သတ်မှတ်**

စာမျက်နှာ » ၁၇